# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်၊ သောကြာနေ့။ Friday, 15 July 2022 ၁၀၇၉၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# (၇၅)နှစ်မြောက် အာဇာနည်နေ့တွင် နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်၌ ဗိုလ်ချုပ်၏ ဓာတ်ပုံ၊ ကဗျာနှင့် ဆောင်းပါးများပြသရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိ

နတ်မောက် ဇူလိုင် ၁၄

(၇၅)နှစ်မြောက် အာဇာနည်နေ့တွင် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်၌ ဓာတ်ပုံ၊ ကဗျာနှင့် ဆောင်းပါးများပြသနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍


**ယနေ့ ဖတ်စရာ**

Mr. Peter Vowles

**အနေဖြင့် ခန့်အပ်လွှာပေးအပ်ခြင်းမပြုဘဲ မြန်မာနိုင်ငံ၌ သံအမတ်ကြီးအဖြစ် လာရောက်နေထိုင်လိုခြင်းဖြစ်ပြီး ဗြိတိန်ဘက်က သံတမန်ကျင့်ထုံး၊ ကျင့်ဝတ်တို့နှင့်အညီ ဆောင်ရွက်မှုမပြုခဲ့ခြင်းသာဖြစ်**


စာမျက်နှာ - ၄


**မြန်မာနိုင်ငံ၏ မိတ်ဆွေဟောင်းနှင့် မိတ်ဆွေကောင်း ဇနီးမောင်နှံ (ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း** Mr. Shinzo Abe **နှင့်** Madame Akie Abe )


ဆောင်းပါး စာမျက်နှာ - ၆


**ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းကောင်းများစွာဖြင့် နိုင်ငံတကာကို ဖိတ်ခေါ်လျက်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန်**


စာမျက်နှာ - ၁၀





# ချစ်ကြည်ရင်းနှီးမှုနှင့် တိုးတက်မှုကို ဆောင်ကြဉ်း

"နိုင်ငံတိုင်းသည် မိမိတို့၏အကျိုးစီးပွားအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍပေါင်းစုံတွင် ကြိုးပမ်းအားထုတ်နေရမည်ဖြစ်ပြီး Moving Forward ဟူသည့်အတိုင်း အမြဲလျှောက်လှမ်းနေရမည်ဖြစ်ကြောင်း၊ ရပ်နေပါက မိမိတို့တိုင်းပြည် နောက်ကျကျန်နေခဲ့မည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြောကြားထားသည်။

နိုင်ငံကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရာ၌ အစဉ်ပြောင်းလဲတိုးတက်နေသော ကမ္ဘာ့အခြေအနေများနှင့် လိုက်လျောညီထွေ လိုက်ပါဖြစ်ထွန်းလာအောင်၊ အခြားနိုင်ငံများနှင့် တန်းတူလိုက်ပါနိုင်အောင် ဆောင်ရွက်ကြရသည်။ ထိုသို့ဆောင်ရွက်ရာတွင် တစ်နိုင်ငံတည်းထီးတည်း ဆောင်ရွက်၍ ရနိုင်မည်မဟုတ်ဘဲ နိုင်ငံအချင်းချင်း လက်တွဲပူးပေါင်းဆောင်ရွက်ကြရသည်။ ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံအနေဖြင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ကျင့်သုံးလျက်ရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံအပေါ် အစဉ်အဆက် စိတ်ကောင်းစေတနာထားသည့် မိတ်ဆွေနိုင်ငံများနှင့် အမြဲမပြတ် ထိတွေ့ဆက်ဆံလျက်ရှိပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးပြီးနိုင်ငံကြီးများဖြစ်သည့် အိမ်နီးချင်း တရုတ်၊ အိန္ဒိယ နိုင်ငံနှင့် ဝေးလံသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့နှင့်ပါ အစဉ်အဆက် မိတ်ဆွေနိုင်ငံများအဖြစ် ရင်းနှီးချစ်ကြည် လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇူလိုင်လ ၁၁ ရက်နေ့က ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ရောက်ရှိပြီး ရုရှားနိုင်ငံမှ တာဝန်ရှိသူအကြီးအကဲများနှင့် အလုပ်သဘောတွေ့ဆုံဆွေးနွေးကြရာ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုအခြေအနေများနှင့် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ကဏ္ဍပေါင်းစုံတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများကို ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ရုရှားနိုင်ငံနှင့်မြန်မာနိုင်ငံသည် သမိုင်းအစဉ်အဆက် စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် အခြားနယ်ပယ်ပေါင်းစုံတို့တွင် ကောင်းမွန်သည့် အစဉ်အလာကောင်းများရှိသည်။ ယခုခရီးစဉ်တွင် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် စစ်ဘက်-အရပ်ဘက် သင်တန်းသားများစေလွှတ်ရေး၊ နှစ်နိုင်ငံကိုးကွယ်ရာ ဘာသာနှစ်ခု ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ပြီး ကမ္ဘာလှည့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရေး၊ စိုက်ပျိုးရေးကိုအခြေခံသည့် ထုတ်ကုန်များ တင်ပို့နိုင်ရေးနှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်ရေးအတွက် နည်းပညာလိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် နှစ်နိုင်ငံပို့ကုန်၊ သွင်းကုန်ကဏ္ဍ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ နျူကလီးယားစွမ်းအင်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင် နှစ်နိုင်ငံပြည်သူလူထု အကျိုးရှိစေနိုင်မည့် ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်ရေး၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြု၍ သိပ္ပံနှင့် သုတေသနစမ်းသပ်ရေး၊ ဆေးဝါးထုတ်လုပ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍ၊ စားသောက်ကုန်ကဏ္ဍများတွင် အသုံးပြုဆောင်ရွက်နိုင်ရေး၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စသည်တို့ကို တစ်ဖွဲ့ချင်းအလိုက် သီးခြားစီ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံခရီးစဉ်သည် ထူးကဲမွန်မြတ်သည့် ခရီးစဉ်ဖြစ်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပထမဆုံး မြန်မာ့ယဉ်ကျေးမှုလက်ရာများနှင့် ထုံမွမ်းထားသည့် ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ပုဂံမြို့မှ ရွှေစည်းခုံပုံတူစေတီတော်ကြီး တည်ထားပူဇော်နိုင်ခဲ့သည်။ စေတီတော်ကြီးကို ဗုဒ္ဓဘာသာ သာသနာတော်ကြီး ကမ္ဘာတည်သရွေ့ ထွန်းလင်းတည်တံ့စေရန်၊ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးတွင် ပိုမိုတိုးတက်လာစေရန်၊ အရှေ့တိုင်းဗုဒ္ဓယဉ်ကျေးမှုနှင့် မြန်မာ့ယဉ်ကျေးမှုတို့ကို ထုတ်ဖော်ပြသရန် ရည်ရွယ်၍ ရွှေစည်းခုံပုံတူစေတီတော်မြတ်ကြီးကို တည်ထားခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ရာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဖြစ်သည်။ ထို့အပြင် သမိုင်းအစဉ်အလာနှင့် ယဉ်ကျေးမှုအစဉ်အလာ ထူးကဲပြည့်စုံသော ရွှေစည်းခုံစေတီတော်မြတ်ကြီးကို ရုရှားနိုင်ငံတွင် တည်ထားနိုင်ခြင်းသည် ရုရှား-မြန်မာ နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှု သမိုင်းမှတ်တိုင်တစ်ခုဖြစ်၍ ရုရှားနိုင်ငံသူ နိုင်ငံသားများ၏ စိတ်နှလုံးအေးချမ်းမှုနှင့် ရုရှား-မြန်မာ ချစ်ကြည်ရင်းနှီးမှု၊ ခိုင်မြဲသည့် အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်မှုတို့ကို ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

## တေးသံသွင်းလုပ်ငန်းလုပ်ကိုင်သူများအား တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ် အသစ်ပြုလုပ်ရန်နှင့် သက်တမ်းတိုးလဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ၃၀-၃-၂၀၂၁ ရက်နေ့တွင် တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်၊ အမိန့်အမှတ် (၂/၂၀၂၁) ဖြင့် တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်များအား (၁) နှစ် သက်တမ်းဖြင့် ခွင့်ပြုပေးလျက်ရှိပါသည်။

မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပါက တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့် အခန်း(၂)၊ အပိုဒ် ၁၁ နှင့် ၁၂ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) ကြိုတင်ပြီး သတ်မှတ်ပုံစံနှင့်အတူ မှတ်ပုံတင်ကြေး ကျပ် ၅၀၀၀/- (ကျပ်ငါးထောင်တိတိ) ပေးသွင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းဖြစ်ပါက ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့လည်းကောင်း၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ဖြစ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှတစ်ဆင့် ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့လည်းကောင်း ဆက်သွယ်၍ တေးသံသွင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းများကို လာရောက်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ် မရှိဘဲ လုပ်ငန်းလုပ်ကိုင်ခွင့်မရှိကြောင်း၊ သက်တမ်းကုန်လွန်သော လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်း၊ သက်တမ်းကုန်ဆုံးပြီးလုပ်ငန်းဆက်လက်လုပ်ကိုင်ပါက တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်အရ အရေးယူခံရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁-၇၅၃၆၃၆၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## မော်လမြိုင်ကျွန်းမြို့နယ်၌ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှုရက်သတ္တပတ်ဆောင်ရွက်

**မော်လမြိုင်ကျွန်း ဇူလိုင် ၁၄**

ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှုရက်သတ္တပတ်အဖြစ် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ယနေ့နံနက် ၈ နာရီက မြို့နယ်အတွင်းရှိ ဝက်သားအရောင်းဆိုင်များနှင့် ဝက်မွေးမြူရေးခြံများတွင် အာဖရိကဝက် အပြင်းဖျားရောဂါနှင့် ဝက်ဝမ်းကျရောဂါ ကြိုတင်ကာကွယ်နိုင်ရေး ကွင်းဆင်းစစ်ဆေးခြင်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။

**ရှင်းလင်းဆွေးနွေး**

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ဝက်သားအရောင်းဆိုင်များတွင် ဝက်များဝယ်ယူရာ၌ သတိပြုရှောင်ကြဉ်ရန် ကိစ္စရပ်များနှင့် သံသယရှိပါက မြို့နယ်ရုံးသို့ဆက်သွယ် အကြောင်းကြားရန်ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးခဲ့ပြီး ဝက်မွေးမြူရေးခြံများတွင် ကူးစက်ရောဂါ ကာကွယ်ရေးအတွက် မွေးမြူရေးခြံသုံး ဆေးသုံးစွဲခြင်းအား လက်တွေ့သရုပ်ပြခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ၍ ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်အောင်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၄ - ၇ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၅၀၀ | ၇,၄၀၀ | ၂၀၆ | ၁,၅၂၄,၉၀၀ |
| MTSH | ၂,၆၅၀ | ၂,၆၅၀ | ၁,၅၈၉ | ၄,၂၁၀,၈၅၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၁၃ | ၉၄,၉၀၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၀ | ၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၄၄၉ | ၁,၁၂၂,၅၀၀ |
| EFR | ၂,၅၀၀ | ၂,၅၀၀ | ၁၀၀ | ၂၅၀,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၉၄ | ၉၅၀,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၁၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၈၅၄.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၄.၃၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၆၈၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၆.၂၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၁၆၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၄၈.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၂၀.၂ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၃၁.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၀.၆၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်)နှင့် လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)တို့၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ဇီးပင်ကြီး-ပြင်ဦးလွင်လမ်းပိုင်းတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၄**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ရွာထောင်ရှိ မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံသို့ ရောက်ရှိစစ်ဆေးရာ စက်ရုံမှူးက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လျာထားချက်များ ပြည့်မီကျော်လွန်အောင် စွမ်းဆောင်နိုင်ရေး၊ စက်ရုံ၏ လုံခြုံမှုစနစ် ကောင်းမွန်ရေး၊ ဝန်ထမ်းများ သက်သာချောင်ချိရေးကိစ္စရပ်များကို မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ပေးအပ်ပြီး စက်ရုံဝင်းအတွင်းရှိ စက်မှုသင်တန်းကျောင်း အဆောက်အအုံတွင် သင်တန်းသားများကို သင်တန်းပို့ချနေမှု၊ လက်တွေ့လေ့ကျင့်လုပ်ဆောင်နေမှုနှင့် စက်ရုံ၏ လုပ်ငန်းခွင်နေရာများကို လှည့်လည် ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် စက်ရုံရှိ ရွာထောင်ဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး သက်ကြီးဘိုးဘွားများ စားသောက်နေထိုင်ရေးကိစ္စများနှင့် ပတ်သက်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြန်မာ့မီးရထားဆေးရုံ(ရွာထောင်)သို့ ရောက်ရှိပြီး ဝန်ထမ်းများ၊ မိသားစုများအား ဆေးကုသပေးနိုင်မှု၊ ဆေးပစ္စည်း၊ ကိရိယာနှင့် ဆေးဝါးလိုအပ်ချက်အခြေအနေများအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့မီးရထားဆေးရုံ (မြစ်ငယ်) သို့ ရောက်ရှိပြီး လူနာများလက်ခံကုသပေးနေမှု၊ ဆေးပစ္စည်းနှင့် ကိရိယာများ၊ ဆေးဝါးလိုအပ်ချက်အခြေအနေတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက်ကုသနေသည့် လူနာများကို ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။



ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့မီးရထား၏ လူစီးတွဲနှင့်ကုန်တွဲစက်ရုံ (မြစ်ငယ်) သို့ ရောက်ရှိစစ်ဆေးရာ စက်ရုံမှူးက စက်ရုံမှ လူစီးတွဲသစ်များ တပ်ဆင် ထုတ်လုပ်ပေးနိုင်မှုကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက တွဲတည်ဆောက်မှု အတွေ့အကြုံများကို ရရှိခဲ့ပြီး နောင်အနာဂတ်တွင် ခေတ်မီတွဲတည်ဆောက်မှုများကို ကိုယ်ပိုင်နည်းပညာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ပြည်တွင်းမှ ရရှိနိုင်သည့်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ပင် ဝယ်ယူရရှိနိုင်ရေး၊ မဖြစ်မနေလိုအပ်မှသာလျှင် နိုင်ငံခြားမှမှာယူတင်သွင်း အသုံးပြုရေး၊ ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးကို ဂရုစိုက်ဆောင်ရွက်ပေးရေး၊ စက်ရုံ၏ဝန်ထမ်း၊ ပစ္စည်းများ လုံခြုံရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အထူးဂရုစိုက်ရေး မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံများ၌ တွဲသစ်များ တပ်ဆင်ထုတ်လုပ်နေမှု အခြေအနေ၊ အသုံးပြုနေဆဲ လူစီးတွဲ၊ ကုန်တွဲများ သက်တမ်းအလိုက် မွမ်းမံပြင်ဆင်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကွန်ကရစ် ဇလီဖားစက်ရုံ (မြစ်ငယ်) သို့ ရောက်ရှိပြီး ထုတ်လုပ်မှုစံချိန်စံညွှန်းပြည့်မီရေး၊ ကုန်ကြမ်းပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး မှာကြားသည်။

**ဇီးပင်ကြီးဘူတာ**

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေး-လားရှိုး ရထားလမ်းပိုင်းပေါ်ရှိ ဇီးပင်ကြီးဘူတာသို့ ရောက်ရှိပြီး RGC သံလမ်းပြေးယာဉ်ဖြင့် လိုက်ပါ၍ ရထားလမ်း ဘေးဝဲ/ယာ တစ်လျှောက် ချုံများရှင်းလင်းခြင်း ဆောင်ရွက်ပြီးစီးမှု၊ ကွန်ကရစ်ဇလီဖား ဖြည့်တင်းပြီးစီးမှုနှင့် လမ်းခင်းကျောက်ဖြည့်တင်း ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ ညနေပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် ပြင်ဦးလွင် ဘူတာယာဒ်ဝင်းအတွင်း သံလမ်းမွမ်းမံ ပြင်ဆင်မှု၊ သန့်ရှင်းသပ်ရပ်ရေး ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးလျက် လိုအပ်သည်များ ဖြည့်ဆည်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအတွင်း ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၄**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ဇူလိုင် ၁၂ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီနန်းတော်သို့ ရောက်ရှိရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးက နန်းတော်ရာနောက်ခံသမိုင်း အကျဉ်း၊ တူးဖော်သုတေသနပြုဆောင်ရွက်ခဲ့သည့်အခြေအနေ၊ တွေ့ရှိမှုအပေါ်အခြေခံ၍ နန်းဆောင်ပြန်လည် တည်ဆောက်မှုအခြေအနေနှင့် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် Emerald Lake Company မှ ဦးဖြိုးလင်းအောင်က ကမ္ဘောဇသာဒီနန်းတော်ရာ Historical Park အဖြစ် ဆောင်ရွက်မည့်အခြေအနေနှင့် ပြည်တွင်း၊ ပြည်ပမှ ဧည့်သည်များ ဝင်ရောက်လည်ပတ်မှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးက နန်းတော်ရာ အဆင့်မြှင့်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများအတွက် အဟန့်အတားမဲ့ခရီးသွားလုပ်ငန်း (Barrier Free Tourism)ကို ဖော်ဆောင်နိုင်ရေးအတွက် ထည့်သွင်းဆောင်ရွက်ရန်အချက်များကို မှာကြားပြီး နန်းတော်ရာအတွင်းရှိ ဟံသာဝတီ အမျိုးသားပြတိုက်နှင့် နန်းတော်ရာသို့ လာရောက်လေ့လာလည်ပတ်သူများအတွက် စားသောက်ဖွယ်ရာများကို စုပေါင်းရောင်းချနိုင်ရန် ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုသည်။



ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်၌ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ် ကမ္ဘောဇသာဒီခန်းမ၌ ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များမှ တာဝန်ရှိသူများကို တွေ့ဆုံကာ Enchanting Myanmar Health and Safety Protocol အစီအစဉ်အရ စစ်ဆေးပြီးသော ဟိုတယ်၊ တည်းခိုရိပ်သာများအား အမျိုးသားအဆင့် အသိအမှတ်ပြုလက်မှတ်များရယူနိုင်ရေး၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၌ ဝန်ဆောင်မှုပေးနေသော ဝန်ထမ်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ် Booster Dose ထပ်ဆောင်းထိုးနှံနိုင်ရေး၊ ဧည့်စာရင်းစီမံခန့်ခွဲမှုစနစ် (Guest List Management System) အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဟိုတယ်နှင့် တည်းခိုရိပ်သာများ စနစ်တကျမှတ်ပုံတင်၍ ပါဝင်ဖြည့်သွင်းနိုင်ရေး၊ ဟိုတယ်နှင့်တည်းခိုရိပ်သာများ၏ လုံခြုံရေးနှင့် သန့်ရှင်းသာယာလှပရေးဆိုင်ရာ ကိစ္စရပ်များ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက Regional Level Certificate များ ပေးအပ်ရာ ဟိုတယ်၊ တည်းခိုရိပ်သာလုပ်ငန်းရှင်များအသင်းကိုယ်စား ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ ရှေ့ဖုံးမှ

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော်ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် စိမ်းလန်းစိုပြည်သာယာလှပရေးနှင့် ဘက်စုံထိန်းသိမ်းရေးလုပ်ငန်းကော်မတီတို့က ကြီးကြပ်၍ ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံ၊ ကဗျာ၊ ဆောင်းပါးများပြသနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်ကို နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်၍ ရပ်နီးရပ်ဝေးရှိပြည်သူများ လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **လှဝင်း(နတ်မောက်)**

# ငါးရစ်ငါးသန်ကာလ ငါးဖမ်းဆီးမှုမရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ပဲခူး ဇူလိုင် ၁၄**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် သဘာဝမြစ်ချောင်းများ၊ ရေပြင်များတွင် ငါးသယံဇာတထိန်းသိမ်းနိုင်ရေးနှင့် တရားမဝင်ငါးဖမ်းဆီးမှုများမရှိစေရေးတို့အတွက် သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်အတွင်း ငါးရစ်ငါးသန်ကာလ ငါးဖမ်းဆီးမှုများမရှိစေရေးအတွက် မြစ်မခမြစ်အတွင်း ဇူလိုင် ၁၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အလားတူ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများသည် ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်နေသည့် ငါးသယံဇာတများ ထိန်းသိမ်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဇူလိုင် ၈ ရက်က လက်ပံတန်းမြို့ မြို့မဈေးအတွင်း အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# Mr. Peter Vowles အနေဖြင့် ခန့်အပ်လွှာပေးအပ်ခြင်းမပြုဘဲ မြန်မာနိုင်ငံ၌ သံအမတ်ကြီးအဖြစ် လာရောက်နေထိုင်လိုခြင်းဖြစ်ပြီး ဗြိတိန်ဘက်က သံတမန်ကျင့်ထုံး၊ ကျင့်ဝတ်တို့နှင့်အညီ ဆောင်ရွက်မှု မပြုခဲ့ခြင်းသာဖြစ်

**နေပြည်တော် ဇူလိုင် ၁၄**

မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံရုံးမှ Mr. Peter Vowles သည် မြန်မာနိုင်ငံမှ ထွက်ခွာရသည့် အကြောင်းရင်းကို ၁၃-၇-၂၀၂၂ ရက်က ၎င်း၏ တွစ်တာစာမျက်နှာ၌ ရေးသားဖော်ပြထားမှုသည် မှန်ကန်မှုမရှိသည့်အပြင် ဖြစ်ရပ်မှန်နှင့် ကွဲလွဲလျက်ရှိသဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနက ရှင်းလင်းချက်ထုတ်ပြန်ထားကြောင်း သိရသည်။

ဗြိတိန်အစိုးရက Mr. Peter Vowles အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဗြိတိန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ၂၈-၄-၂၀၂၁ ရက်တွင် အဆိုပြုသဖြင့် မြန်မာအစိုးရက ၂၀၂၁ခုနှစ် ဇွန်လ ၂၂ ရက်တွင် သဘောတူညီကြောင်း ပြန်ကြားခဲ့ကြောင်း၊ Mr. Peter Vowles သည် ၂၀၂၁ခုနှစ် ဇူလိုင် ၂၈ ရက်တွင် မြန်မာနိုင်ငံသို့ စတင်ရောက်ရှိခဲ့ပြီး သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သူ တစ်ဦးအနေဖြင့် သံတမန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ၎င်း၏ခန့်အပ်လွှာမိတ္တူကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့လည်းကောင်း၊ ခန့်အပ်လွှာကို နိုင်ငံတော်အကြီးအကဲထံသို့လည်းကောင်း ပေးအပ်ရန်ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးပြ၍ ပေးအပ်ရန် ရှောင်လွှဲခဲ့ကြောင်း သိရသည်။

သို့ပါ၍ နိုင်ငံခြားရေးဝန်ကြီးဌာနက ဗြိတိန်နိုင်ငံသို့ Mr. Peter Vowles ၏ ပြည်ဝင်ဗီဇာကို ကန့်သတ်ခဲ့ရာ ဗြိတိန်နိုင်ငံက Mr. Peter Vowles အား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးအဖြစ် အဆိုပြုထားမှုကို ရုပ်သိမ်းကြောင်းနှင့် ရန်ကုန်မြို့၊ ဗြိတိန်သံရုံး၊ သံရုံးယာယီတာဝန်ခံအဖြစ် ခန့်အပ်မည်ဖြစ်ကြောင်း ပြောင်းလဲအဆိုပြုခဲ့ရာ ၎င်းအား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့်အတွက် သံရုံးယာယီတာဝန်ခံ ခန့်အပ်မည်ဆိုပါက ၎င်းအစား အခြားပုဂ္ဂိုလ်တစ်ဦးအား ပြန်လည်အဆိုပြုရန်ဖြစ်ကြောင်း မြန်မာနိုင်ငံက အကြောင်းကြားခဲ့သည်။

ယင်းနောက် Mr. Peter Vowles က ၎င်း၏ကိုယ်ပိုင်ပစ္စည်းများကို သိမ်းဆည်းရန်အတွက် ၂၀၂၂ ခုနှစ် ဇွန် ၂၁ ရက်မှ ဇူလိုင် ၁၅ ရက်အထိ မြန်မာနိုင်ငံသို့ ဝင်ရောက်လိုကြောင်း ဗြိတိန်ဘက်မှ မေတ္တာရပ်ခံခဲ့မှုကို နိုင်ငံခြားရေးဝန်ကြီးဌာနက ခွင့်ပြုပေးခဲ့သည့်အတွက် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ခြင်းဖြစ်ပြီး Mr. Peter Vowles သည် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာခဲ့ခြင်းမှာ ၎င်း၏ပြည်ဝင်ဗီဇာ သက်တမ်းမကုန်ဆုံးမီ ထွက်ခွာသွားခြင်းသာဖြစ်သည်။

Mr. Peter Vowles အနေဖြင့် ခန့်အပ်လွှာပေးအပ်ခြင်းမပြုဘဲ မြန်မာနိုင်ငံ၌ သံအမတ်ကြီးအဖြစ် လာရောက်နေထိုင်လိုခြင်းဖြစ်ပြီး ဗြိတိန်ဘက်က သံတမန်ကျင့်ထုံး၊ ကျင့်ဝတ်တို့နှင့်အညီ ဆောင်ရွက်မှု မပြုခဲ့ခြင်းသာဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် သံတမန်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းကြောင့် Mr. Peter Vowles သည် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားခဲ့ရခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ရှင်းလင်းချက် ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# လူငယ်သင်တန်းကျောင်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ






**နေပြည်တော် ဇူလိုင် ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနကကြီးမှူး၍ "လူငယ်သင်တန်းကျောင်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ"ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်များ၊ လူမှုဝန်ထမ်းဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ညွှန်ကြားရေးမှူးများ၊ လူငယ်နှင့် အမျိုးသမီးသင်တန်းကျောင်း ၁၄ ကျောင်းမှ ကျောင်းအုပ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပုဒ်မ ၁၃(က)နှင့် (ခ) တို့အရ သင်တန်းကျောင်းများ၊ ယာယီစောင့်ရှောက်ရေးဂေဟာများကို ဖွင့်လှစ်၍ သက်ဆိုင်ရာ တရားရုံးများမှ အမိန့်ချမှတ်ပြီးသော ပြစ်ဒဏ်ကျ ကလေးသူငယ်များ၊ အမှုရင်ဆိုင်ဆဲ ရမန်ကလေးသူငယ်များ၊ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များကို လက်ခံစောင့်ရှောက်လျက်ရှိပါကြောင်း။

**ပွင့်ပွင့်လင်းလင်း သုံးသပ်ဆွေးနွေး**

သင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်ရခြင်းသည် ကုန်ကျစရိတ်များပြီး နိုင်ငံတကာတွင် နောက်ဆုံးနည်းလမ်းအနေဖြင့်သာ ရွေးချယ်ဆောင်ရွက်သောနည်းလမ်းဖြစ်ပါသဖြင့် ကလေးသူငယ်ဖြစ်ရပ်များအပေါ်မူတည်၍ အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်း(Alternative Care)၊ အခြားနည်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း(Diversion) နည်းလမ်းတို့ကို တိုက်တွန်းအားပေးရမည်ဖြစ်ပါကြောင်း၊ လက်ရှိစောင့်ရှောက်ထားရှိသော ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးစီးပွားနှင့် ရပ်ရွာလူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ခြင်းဖြင့် မလိုလားအပ်သော ပြစ်မှုထပ်မံကျူးလွန်ခြင်းမျိုးမှ ကာကွယ်နိုင်ပါသဖြင့် လူငယ်သင်တန်းကျောင်းများ၏ ဆောင်ရွက်မှုများကို ပွင့်ပွင့်လင်းလင်းသုံးသပ်ဆွေးနွေးခြင်းသည် ဆောင်ရွက်သင့်သည့် လုပ်ငန်းတစ်ရပ်ပင်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲကျင်းပ၍ လူငယ်သင်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အလေးထားဂရုပြုဆောင်ရွက်ခြင်းဖြင့် စောင့်ရှောက်ထားရှိသူများနှင့် ပြုစုစောင့်ရှောက်သူ ဝန်ထမ်းများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ခြင်းသာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကပံ့ပိုးပေးနိုင်မည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းပင်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အမှာစကားပြောကြားသည်။

လူမှုဝန်ထမ်းဦးစီးဌာန လူငယ်သင်တန်းကျောင်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၄ ရက်မှ ၁၅ ရက်အထိ နှစ်ရက်တာကာလအတွင်း သင်တန်းကျောင်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် သုံးသပ်ဆွေးနွေးရန်အတွက် အုပ်စုငယ်များခွဲ၍ သင်တန်းကျောင်းများတွင် လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်မှုကို ဆွေးနွေးပြီး ဆွေးနွေးပွဲရလဒ်များအပေါ် မူတည်ပြီး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်မည်ဖြစ်ပြီး တက်ရောက်လာသည့် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများနှင့် သင်တန်းကျောင်းအသီးသီးမှ ကျောင်းအုပ်များက တက်ကြွစွာ ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အလုပ်သင်ဆရာဝန် (၇/ ၂၀၂၂)ကြိုဆိုပွဲနှင့် Common Skills Training ပြုလုပ်ခြင်း အခမ်းအနားကျင်းပ



**မကွေး ဇူလိုင် ၁၄**

မကွေးဆေးတက္ကသိုလ် အလုပ်သင်ဆရာဝန် (၇/၂၀၂၂)သင်တန်းဖွင့်ပွဲနှင့် Common Skills Training ပြုလုပ်ခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ဆေးတက္ကသိုလ်(မကွေး)ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဆေးတက္ကသိုလ်(မကွေး) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာအေးအေးဦးက အလုပ်သင်ဆရာဝန် တာဝန်ထမ်းဆောင်မည့်သူများကို ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အလုပ်သင်ဆရာဝန် တာဝန်ထမ်းဆောင်ရာတွင် လိုက်နာရမည့် ကျင့်ဝတ်၊ စည်းမျဉ်း၊ စည်းကမ်းများကို ပြောကြားသည်။

ဆက်လက်၍ ဆေးပညာဌာန၊ ခွဲစိတ်ကုပညာဌာန၊ သားဖွားမီးယပ်ပညာဌာန၊ ကလေးကျန်းမာပညာဌာန၊ အရိုးရောဂါပညာဌာန၊ ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာန၊ ဥပဒေရေးရာဆေးပညာဌာနနှင့် ဆေးဝါးဗေဒဌာနတို့မှ ပါမောက္ခ/ဌာနမှူးများက Common Skills Training တွင် ဆောင်ရွက်ရမည့် သင်ခန်းစာများနှင့် အလုပ်သင်ဆရာဝန် တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားကြကြောင်း သိရသည်။

ထို့နောက် နောက်ဆုံးနှစ်အပိုင်း(ခ) စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ် (မကွေး) သင်ကြားရေးဆေးရုံများတွင် အလုပ်သင်ဆရာဝန်အဖြစ် တစ်နှစ် တာဝန်ထမ်းဆောင်ကြရာ၌ လူနာများနှင့် တိုက်ရိုက် မထိတွေ့မီ သင်ကြားရေးအထောက်အကူပြုပစ္စည်းများအသုံးပြု၍ စုပေါင်းလက်တွေ့သင်ကြားခြင်းနှင့် ဆေးတက္ကသိုလ်(မကွေး) Skill Lab အခန်းတွင် သင်တန်းပို့ချပေးသော ဆရာများနှင့်အတူ အလုပ်သင်ဆရာဝန် တာဝန်ထမ်းဆောင်မည့်သူများ စုပေါင်းလက်တွေ့လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

**စည်သူ(မကွေး)**

# လှိုင်လင်မြို့၌ မြကန်သာရေကန် သဘာဝရေပြင်အတွင်း ငါးမျိုးများ စိုက်ထည့်

**လှိုင်လင် ဇူလိုင် ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လှိုင်လင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ဒေသတွင်း ငါးသယံဇာတများ ပေါများလာစေရန်ရည်ရွယ်၍ လှိုင်လင်မြို့ မြကန်သာရေကန်သဘာဝရေပြင်တွင် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကန်တွင် ကျင်းပသည်။

**ကောင်ရေ ၅၀၀၀၀ ငါးမျိုးစိုက်ထည့်**

ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးသော်ထွန်းဦးနှင့် ဝန်ထမ်းများ၊ လှိုင်လင်တပ်နယ်မှူးနှင့် အရာရှိများ၊ လှိုင်လင်ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ညောင်ရွှေငါးလုပ်ငန်းစခန်း တာဝန်ခံနှင့် ဝန်ထမ်းများ စုစုပေါင်းအင်အား ၅၀ တက်ရောက်၍ ညောင်ရွှေ ငါးလုပ်ငန်းစခန်းမှ သားဖောက်ထုတ်လုပ်သော နှစ်လက်မအရွယ် ရွှေဝါငါးကြင်းသားပေါက် ကောင်ရေ ၂၅၀၀၀၊ ငါးမြစ်ချင်းသားပေါက် ကောင်ရေ ၂၅၀၀၀ စုစုပေါင်းငါးသားပေါက်ကောင်ရေ ၅၀၀၀၀ အား ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။


**သတင်းစဉ်**

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## မကျော်လွှားနိုင်တဲ့ အခက်အခဲဆိုတာ မရှိနိုင်

ကျွန်ုပ်တို့ ဗမာပြည်အကြောင်းကို ပြောကြားတဲ့အခါတိုင်း စည်းလုံးညီညွတ်ပြီး လွတ်လပ်တဲ့ ဗမာပြည်တစ်ပြည်လုံးကို မျက်စိထဲမှာမြင်ယောင်ပြီး ပြောတာဖြစ်တယ်။ ကျုပ်တို့တစ်ပြည်လုံး စည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်ရာမှာ ကျွန်ုပ်တို့ နိုင်ငံတွင်းမှာရှိတဲ့ လူမျိုးစုအားလုံးကို ပြင်ပ ပယောဂမပါဘဲ လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးခွင့်ပေးရင် ကျွန်ုပ်တို့ မကျော်လွှားနိုင်တဲ့ အခက်အခဲဆိုတာ ဘာမှရှိမှာမဟုတ်ဘူး။ အားလုံး စည်းလုံးညီညွတ်လာမှာ အမှန်ပါပဲ။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၃-၁-၁၉၄၇ ရက်နေ့ လန်ဒန်မြို့တွင် နန်းရင်းဝန် အက်တလီနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည့် မိတ်ဆက်စကားမှ ကောက်နုတ်ချက်)



## ပန်းခင်းစီမံချက်၏ အရေးကြီးမှုနှင့် မဲစာရင်းမှန်ကန်ရေးအတွက် အထွေထွေရွေးကောက်ပွဲကော်မရှင်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့်အခြေအနေများ ရှင်းလင်းပြောကြား



နေပြည်တော် ဇူလိုင် ၁၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ မင်္ဂလာခန်းမ၌ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံသည်။

**ပြောကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပန်းခင်းစီမံချက်ကို သတ်မှတ်ကာလအတွင်း တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း၊ မိမိတို့ဌာနအနေဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့် e-ID စနစ်လုပ်ငန်းတို့ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းစဉ်များသည် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် အရေးပါသည့်လုပ်ငန်းများဖြစ်သည်နှင့်အညီ သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုရရှိမှသာ အောင်မြင်နိုင်မည့် လုပ်ငန်းများဖြစ်သည့်အတွက် ယခုကဲ့သို့ ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားပြီး လူမှုရေးအသင်းအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများကို အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံရာ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ နိုင်ငံတော်စီမံချက်တစ်ခုဖြစ်သည့် ပန်းခင်းစီမံချက်၏ အရေးကြီးမှုနှင့် မဲစာရင်းမှန်ကန်ရေးအတွက် အထွေထွေရွေးကောက်ပွဲကော်မရှင်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့် အခြေအနေ၊ နိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး မဖြစ်မနေ ရရှိကိုင်ဆောင်နိုင်ရေးအတွက် ပန်းခင်းစီမံချက်အဆင့်(၂)ကို ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်နှင့် e-ID စနစ်အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းများကြိုတင်ဆောင်ရွက်နေမှု၊ မိမိတို့ဌာနလုပ်ငန်းများအား နည်းပညာများအသုံးပြု၍ ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းနိုင်ရေးစီစဉ်ဆောင်ရွက်နေမှု၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံနှင့်ဌာနအပေါ် သစ္စာစောင့်သိကြရေး၊ ဌာနလုပ်ထုံးလုပ်နည်းများ ကျွမ်းကျင်ပိုင်နိုင်ရေး၊ IT နည်းပညာနှင့်ဘာသာစကားတတ်ကျွမ်းရေးနှင့် ပြည်သူအပေါ် ယဉ်ကျေးပျူငှာစွာ ဆက်ဆံဆောင်ရွက်ရေးတို့ကို အလေးထားကျင့်ကြံဆောင်ရွက်ကြရေး၊ စည်းလုံးညီညွတ်စွာဖြင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာ တည်နေရာ Point များ ကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်မည့် သင်တန်းအမှတ်စဉ် (၃) ဖွင့်ပွဲ ကျင်းပ



နေပြည်တော် ဇူလိုင် ၁၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် လုပ်ဆောင်ရသည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းအဆင့်( ၈) ဆင့်တွင် ပါဝင်သည့် GIS နည်းပညာအသုံးပြု၍ မြေပုံရေးဆွဲပြုစုခြင်း၊ စာရင်းကောက်ကွက်များ ဖွဲ့စည်းခြင်းလုပ်ငန်းတွင်ပါဝင်သည့် ရပ်ကွက်၊ ကျေးရွာ တည်နေရာ Point များ ကောက်ယူခြင်းလုပ်ငန်းအတွက် သင်တန်းအမှတ်စဉ် (၃) ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ကောက်ယူမည်**

ဖွင့်ပွဲတွင် ဗဟိုသန်းခေါင်စာရင်းကော်မရှင် တွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်က ၂၀၂၄ ခုနှစ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကောက်ယူမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းသည် လုပ်ငန်းပမာဏအများဆုံးနှင့် အကြီးဆုံးဖြစ်ပြီး အခြေခံအကျဆုံးဖြစ်သည့် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များရရှိမည်ဖြစ်ကြောင်း၊ မြေပုံရေးဆွဲပြုစုခြင်းနှင့် စာရင်းကောက်ကွက်များဖွဲ့စည်းခြင်းလုပ်ငန်းသည် သန်းခေါင်စာရင်းလုပ်ငန်းစဉ် အားလုံးအနက် အချိန်အကြာဆုံး၊ လူအင်အားနှင့်ငွေအင်အား အများဆုံးအသုံးပြုရသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းတွင် GIS နည်းပညာဖြင့် မြေပုံရေးဆွဲခြင်းကို စတင်ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရရှိနိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာ တည်နေရာ Point များကောက်ယူခြင်းကို တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ဆောင်ရွက်နိုင်ရေး ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းပြီးစီးပါက သက်ဆိုင်ရာခရိုင်များတွင် ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ပေးပြီး ရပ်ကွက်၊ ကျေးရွာတည်နေရာ Point များရယူခြင်း၊ အတည်ပြုခြင်းများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တက်ရောက်လာသည့် သင်တန်းသား သင်တန်းသူများအနေဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အောင်မြင်စေရေးအတွက် ယခုဆောင်ရွက်နေသည့် ရပ်ကွက်၊ ကျေးရွာ တည်နေရာ Point များ ကောက်ယူခြင်းကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ရပ်ကွက်၊ ကျေးရွာ တည်နေရာ Point များ ကောက်ယူခြင်းသင်တန်းသို့ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

# မြန်မာနိုင်ငံ၏ မိတ်ဆွေဟောင်းနှင့် မိတ်ဆွေကောင်းဇနီးမောင်နှံ ( ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း Mr.Shinzo Abe နှင့် Madame Akie Abe )

သံအမတ်ကြီး ဦးလှမြင့်(ငြိမ်း)

၂၀၂၂ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့ နံနက်ပိုင်း၌ သတင်းစတင်ကြားခဲ့ရပါသည်။ ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း Mr.Shinzo Abe သေနတ်နှင့် အပစ်ခံရခြင်းပါ။ ဂျပန်နိုင်ငံ နာရာမြို့၌ သူ၏ LDP ပါတီအထက်လွှတ်တော်အမတ်လောင်းအတွက် ကူညီမဲဆွယ်ပေးနေစဉ် လက်လုပ်သေနတ်နှင့် အပစ်ခံရသည်ဟု သတင်းစတင်ကြားကြားချင်း လက်နက်ကိုင်ဆောင်ခွင့်စည်းကမ်း အလွန်တင်းကျပ်လှပြီး ဤကဲ့သို့ဖြစ်စဉ်မျိုး ဖြစ်လေ့ဖြစ်ထမရှိသော ဂျပန်နိုင်ငံ၌ ဖြစ်ခဲ့သဖြင့် အထူးတုန်လှုပ်ချောက်ချားကြေကွဲဝမ်းနည်းခဲ့ရပါသည်။ အသက်ရှင်သန်ပါစေဟု ဆုတောင်းခဲ့ပါသော်လည်း မပြည့်ခဲ့ပါ။ ထိုနေ့ညနေပိုင်း၌မူ ကွယ်လွန်သွားခဲ့ရရှာပါသည်။ ကျွန်တော်တို့အနေဖြင့် သူကွယ်လွန်မှုအပေါ် နှမြောတသ ဝမ်းနည်းကြေကွဲရပါလျှင် သူတို့နိုင်ငံသူနိုင်ငံသားများအတွက်ကတော့ ပြောဆိုဖွယ်ရာမကုန်နိုင်တော့ပါ။

သူသည် ကျွန်တော်တို့မြန်မာနိုင်ငံ၏မိတ်ဆွေဟောင်းနှင့် မိတ်ဆွေကောင်းပါ။ သူတစ်ဦးတည်းဆိုလားတော့မဟုတ်ပါ။ သူ့ဇနီး Madame Akie Abe သည်လည်း ကျွန်တော်တို့မြန်မာနိုင်ငံ၏ မိတ်ဆွေဟောင်းနှင့် မိတ်ဆွေကောင်းပါ။

x x x x x

၂၀၀၅ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့ (လွန်ခဲ့သော ၁၇ နှစ်နှစ်)၌ ကျွန်တော်သည် ဘရာဇီးနိုင်ငံမှ ဂျပန်နိုင်ငံသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ထိုစဉ်က ဂျပန်နိုင်ငံဝန်ကြီးချုပ်မှာ မစ္စတာကိုအိဇုမိပါ။ သူက အမေရိကန်ရုပ်ရှင်မင်းသားရစ်ချက်ဂီရီဆံပင်ပုံစံနှင့် ဟန်ပန်ဆင်သည်။ သို့သော် သူ့မျက်နှာက မရယ်မပြုံးနှင့် အနေတည်သည်။ အပြုံးနိုင်ငံမှလာသော ကျွန်တော်တို့အတွက်က စိမ်းလွန်းလှသည်ဟု ခံစားမိပါသည်။

သူနှင့် ထိုစဉ်က အမေရိကန်သမ္မတ ဘုရှ်တို့ အလွမ်းသင့်ပုံရပါသည်။ ညှော်ခံပွဲမှာ အတူတွဲပြီး ဒန့်စ် (က) ကြသည်အထိ ခင်မင်ရင်းနှီးကြသည့် ဆက်ဆံရေးမျိုးရှိကြပါသည်။

သူ့လက်ထက်တွင် ကုလသမဂ္ဂ၌ ကျွန်တော်တို့နိုင်ငံအား Resolution တင်ရာ၌ မူလက ကြားနေခဲ့သော ဂျပန်သည် ဒီတစ်ခါတော့ ဆန့်ကျင်ဘက်ဖြစ်လာခဲ့သည်။

ထိုအခါ ဘယ်လိုလုပ် ကျွန်တော်တို့ နှစ်နိုင်ငံအကြားဆက်ဆံရေးက အဆင်ပြေနိုင်ပါ့မလဲ။

ဒီတော့ ဂျပန်ရောက် ကျွန်တော်တို့သံတမန်များအဖို့ မလွယ်ပါလေ။

x x x x x

ကျွန်တော်တို့နိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား ဆက်ဆံရေးသမိုင်းကြောင်းက ရှည်လျားလွန်းလှပါသည်။ လက်လှမ်းမီသလောက်ပြောရပါလျှင် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ရဲဘော်သုံးကျိပ်ဝင်တို့ ဟိုင်နန်ကျွန်း – စန်းယ၌ ဂျပန်ဘုရင့်တပ်မတော်က စစ်ပညာသင်ကြားပေးမှုနှင့် အစတည်ခဲ့သည်။ ထို့နောက် အင်္ဂလိပ်ကို ပူးပေါင်းတိုက်ခိုက်ရန် ဘန်ကောက်၌ ဘီအိုင်အေတပ်မတော်ကို စတင်တည်ထောင်ခဲ့သည်။ ဂျပန်နှင့်အတူ အင်္ဂလိပ်ကို အင်ဖာအထိ တိုက်ထုတ်နိုင်ခဲ့သည်။ အမည်ခံလွတ်လပ်ရေးဖြင့် ဂျပန်တို့ သုံးနှစ်တာ အုပ်ချုပ်ခဲ့ရပါသည်။ ဂျပန်ခန့် အဓိပတိ ဒေါက်တာဘမော်ဖြစ်တည်လာခဲ့သည်။

ထိုခေတ်၌ ဂျပန်ဘုရင့်တပ်မတော် စစ်တက္ကသိုလ်များသို့ မြန်မာနိုင်ငံမှ လူငယ်များတက်ရောက်ပြီး စစ်ပညာများသင်ကြားပေးခဲ့ပါသည်။ ကာကွယ်ရေးဦးစီးချုပ် (လေ)ဟောင်း ဗိုလ်ချုပ်သောင်းဒန်သည် ဂျပန်ဘုရင့်တပ်မတော် စစ်တက္ကသိုလ်ဆင်းတစ်ဦးပါ။ ထို့အတူ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် စက်မှုဝန်ကြီးဟောင်း ဗိုလ်ချုပ်တင့်ဆွေသည်လည်း ဂျပန်ဘုရင့်တပ်မတော် စစ်တက္ကသိုလ်ဆင်းတစ်ဦးပါ။ ကျွန်တော်သိသည့် ဂျပန်ဘုရင့်တပ်မတော် စစ်တက္ကသိုလ်ဆင်းနှစ်ဦးပါ။ ကျန်ပုဂ္ဂိုလ်ကြီးများလည်း ရှိနေကြပါသေးသည်။




ဂျပန်စစ်ပညာနှင့် လေ့ကျင့်ပေးခဲ့မှု ကျွန်တော်တို့ တပ်မတော်၌ မည်မျှကျန်ရှိနေသေးသည်ကို မသိပါသော်လည်း သူတို့ ဂျပန်များအမွေပေးခဲ့သည့် ဟန်းကောခေါ် ထမင်းချိုင့်ကတော့ အသုံးတည့်လွန်းလှပါသည်။ ဂျပန်လို ထမင်းချိုင့်ကို ဟန်းကောဟု ခေါ်ပါသည်။ ကျွန်တော်တို့တပ်ထဲရောက်သည့်အချိန်ထိ ဟန်းကောဟုခေါ်နေဆဲ၊ သုံးနေဆဲပါ။ ထိုဟန်းကောများသည်လည်း ဂျပန်နိုင်ငံ ဒိုင်းမရူးမှ မှာယူတင်သွင်းခဲ့သော Made In Japan စစ်စစ်ကြီးတွေပါ။ ထိုဟန်းကောနှင့် ရှေ့တန်း၌ ထမင်း၊ ဟင်းချက်ရသည်။ ချောင်း၌ရေခပ်ချိုးနိုင်သည်။ ထိုကဲ့သို့ ကိစ္စများသာမက ရှေ့တန်းရိက္ခာထုတ်ဝေရာ၌ ခြင်တွယ်ရာတွင်အသုံးတည့်လှသည်။ ဟန်းကောအပေါ်မှ လက်နှစ်ဆစ်ကွာလျှင် ဆန်တစ်ပြည်၊ လက်သုံးဆစ်ကွာလျှင် ဆီတစ်ပိဿာဟု စီကြူကြီးများနှင့် စတိုးမင်းများအကြား သဘောတူညီကြသည်။ ဂျင်းတဲလ်မင်း အင်္ဂလိပ်ရီမန့်ပါ။

## စိတ်ထားနှလုံးသားဖြူစင်

ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့အား အမေရိကန်တို့ အဏုမြူဗုံးနှစ်လုံး ကမ္ဘာပေါ်၌ ပထမဆုံး ကြဲချခဲ့ပြီးနောက် ဂျပန်တို့ လက်နက်ချအညံ့ခံခဲ့ကြရပါသည်။ ထို့အတူ မြန်မာပြည်ရောက် ဂျပန်စစ်သားများသည်လည်း သုံ့ပန်းအဖြစ် အဖမ်းခံရ၊ အညံ့ခံခဲ့ကြရပါသည်။ အချို့က လွတ်ရာလွတ်ကြောင်း တတ်နိုင်သမျှ ထွက်ပြေးတိမ်းရှောင်ကြရသည်။ ထိုအခါ စိတ်ထားနှလုံးသားဖြူစင်ကြသော ကျွန်တော်တို့ မြန်မာနိုင်ငံသားများသည် ရက်စက်ကြမ်းကြုတ်စွာ အုပ်ချုပ်ခံခဲ့ရပါသော်လည်း ထိုသို့သော ဂျပန်စစ်သားများကို မိမိတို့ကိုယ်တိုင် ချို့တဲ့ချို့ငဲ့သည့်ကြားမှ အစားအစာ ခိုးကျွေးသည်။ ရရာဆေးဝါးနှင့် ကုသပေးသည်။ အသက်အန္တရာယ်ကြားမှ တတ်နိုင်သရွေ့ အဖမ်းမခံရအောင် ပုန်းဝှက်ပေးပါသည်။ ကျွန်တော်တို့လူမျိုးများသည် စိတ်ထားဖြူစင်ခြင်း၊ သနားကြင်နာတတ်ခြင်း၊ ခွင့်လွှတ်လွယ်ခြင်း အရည်အချင်းများနှင့် ပြည့်စုံကြသည့် လူမျိုးများပါလား။

ဂျပန်များကလည်း ကျွန်တော်တို့မြန်မာနိုင်ငံ၏ အဓိပတိဟောင်းကြီး ဒေါက်တာဘမော်အား ဂျပန်နိုင်ငံသို့ခေါ်ဆောင်သွားပါသည်။ နီဂတပြည်နယ် Yakusho Temple ၌ ဝှက်ထားပေးပါသည်။ စောင့်ရှောက်ပေးထားပါသည်။ နောက်မှ မဟာမိတ်တို့ထံ အညံ့ခံလိုက်ရပါသည်။ ထိုဘုရားကျောင်း၌ ဒေါက်တာဘမော် အထိမ်းအမှတ်ပြတိုက် ပြုလုပ်ထားရှိပါသည်။

## ပျက်စီးဆုံးရှုံးခဲ့ရ

စစ်ကြီးပြီးသောအခါ ဂျပန်နိုင်ငံသည် အဏုမြူဗုံးဒဏ်ကြောင့်လည်းကောင်း၊ တစ်နိုင်ငံလုံး အနှံ့အပြား ဗုံးဒဏ်၊ မီးကြီးလောင်ကျွမ်းဒဏ်တို့ကြောင့်လည်းကောင်း တစ်နိုင်ငံလုံး စိစိညက်ညက်ကျေပြီး ပျက်စီးဆုံးရှုံးခဲ့ရသည်။ အထူးသဖြင့် စက်မှုလုပ်ငန်းဒေသအများစုမှာ အကြီးအကျယ် အထိနာခဲ့ရပါသည်။ ထို့အပြင် ကမ္ဘာစစ်ပွဲကြီးကို ပါဝင်ဆင်နွှဲရမှု သုံးစွဲကုန်ကျစရိတ်ကြောင့်လည်း လတ်တလော သူတို့ ဆင်းရဲသွားခဲ့ရပါသည်။ အိုးရှင်းဇာတ်ကားထဲကလို ထမင်းလုံးအိုနီဂရီကို နှစ်ခြမ်းခွဲ၍ လူနှစ်ယောက်စားရသည့်ဘဝ ရောက်ခဲ့ရသည်။ ထိုစဉ် ကျွန်တော်တို့နိုင်ငံမှ ဆန်တန်ချိန် နှစ်သိန်းလား၊ မည်မျှတော့ အတိအကျမသိသော်လည်း ဂျပန်နိုင်ငံသို့ လှူဖူးသည်ဟု တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားဖူးထားပါသည်။ (မှတ်တမ်းမှတ်ရာများကို ရှာဖွေပြုစုထားသင့်ပါကြောင်း အကြံပြုအပ်ပါသည်။)

ထို့အပြင် စစ်ရှုံးနိုင်ငံတို့၏ ထုံးစံအတိုင်း မြန်မာနိုင်ငံကိုလည်း စစ်လျော်ကြေးပေးရပါသည်။ ကျွန်တော်တို့၏ စစ်လျော်ကြေးကော်မရှင်ဥက္ကဋ္ဌက ဂျပန်တို့ကို စာနာနားလည်မှုနှင့် လျှော့လျှော့ပေါ့ပေါ့ပင် သူတို့ပေးနိုင်သမျှကို ယူခဲ့သဖြင့် အပြင်းအထန်ဝေဖန်ခံခဲ့ရကြောင်း ကြားဖူးပါသည်။

## ယနေ့ထက်တိုင်သုံးစွဲ

ထိုစစ်လျော်ကြေးငွေနှင့် တည်ဆောက်ခဲ့သော လောပိတရေအားလျှပ်စစ်က ယနေ့ထက်တိုင် သုံးစွဲနေရဆဲပါ။ ဟီးနိုး၊ မာဇဒါ၊ တီအီးကားတို့ တပ်ဆင်ထုတ်လုပ်လာနိုင်ခဲ့သည်။ နေရှင်နယ်ထမင်းပေါင်းအိုး၊ မီးဖိုအိုး၊ နေရှင်နယ်မတ်ဆုရှိတာ မီးချောင်းများ၊ ဓာတ်ခဲများ၊ မီးခလုတ်ထုတ်လုပ်မှုတို့လည်းပါသည်။ ထိုခေတ်ထိုအခါက ကျွန်တော်တို့အားထားသုံးစွဲခဲ့ရသည့် အသုံးအဆောင်ပစ္စည်းများဖြစ်ပါသည်။

တစ်ခါက မတ်ဆုရှိတာဥက္ကဋ္ဌကြီးက မြန်မာနိုင်ငံကို လာလည်ပါသည်။ သူတည်းခိုသည့် ဟိုတယ်တွင်ရှိသော သူတို့၏နေရှင်နယ်မီးခလုတ်က နှစ်ပေါင်း ၂၀ ကျော်ပေမယ့် တစ် – တောက်နှင့် အသုံးပြုနိုင်ဆဲဆိုတော့ တော်တော်ပဲ အင်ပရက်စ်ဖြစ်သွားပုံရပါသည်။ စာအုပ်စာရွက်များ တစ်ပုံတစ်ပင်ကြီးနှင့် လက်ဝင်လှသော်လည်း ကျွန်တော်ဂျပန်ရောက်ချိန်အထိ သူတို့၏ နေရှင်နယ်မီးခလုတ်ကို နှစ်ခြိုက်စွာ အသုံးပြုခဲ့သော ကျွန်တော်တို့နိုင်ငံကို တင်သွင်းနေဆဲပါ။

ဂျပန်နိုင်ငံသည် စစ်ကြီးပြီးဆုံးသွားသော်လည်း စစ်နှင့်ပတ်သက်သော ဒုက္ခဝေဒနာများက သက်ဆိုင်သူများအကြား ရှိနေဆဲပါ။ စစ်ကြီးအတွင်း အာရှတစ်ခွင်၌ သူတို့ဂျပန်စစ်သားများ အကြောင်းအမျိုးမျိုးကြောင့် သေဆုံးခဲ့ရာ နေရာဒေသအနှံ့အပြား၌ နည်းမျိုးစုံဖြင့် မြှုပ်နှံသင်္ဂြိုဟ်ခဲ့ကြရပါသည်။ သူတို့ဓလေ့ထုံးတမ်းစဉ်လာ၌ ကွယ်လွန်သူများ၏ အရိုးပြာအုတ်ဂူများ၌ တစ်နှစ်တစ်ကြိမ် သွားရောက်ဆုတောင်းပေးမှသာ ကောင်းမွန်သောဘုံဘဝသို့ ရောက်ကြသည်ဟု ယုံကြည်ထားပါသည်။ ထို့ကြောင့် အာရှတစ်ခွင် ဒေသအနှံ့အပြား၌ မြှုပ်နှံထားသော ဂျပန်စစ်သည်များ၏ မိဘညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းအတွက် အရိုးများကို ကောက်ယူပြီး ဂျပန်နိုင်ငံသို့ ယူဆောင်လာကာ မြှုပ်နှံသင်္ဂြိုဟ်၍ ဆုတောင်းပွဲများ ပြုလုပ်ရေးသည် အရေးကြီးဆုံးကိစ္စရပ်ဖြစ်လာသည်။

သက်ဆိုင်ရာနိုင်ငံ အစိုးရများနှင့် ညှိနှိုင်းဆက်သွယ်ပြီး ကွယ်လွန်သူ ဂျပန်စစ်သည်များ၏ အရိုးကောက်ယူရေးလုပ်ငန်းကို သက်ရှိထင်ရှား ဂျပန်စစ်ပြန်ကြီးများနှင့်ပတ်သက်သော ပုဂ္ဂိုလ်ကြီးများ ဦးဆောင် ဆောင်ရွက်ခဲ့ကြရပါသည်။

ထိုသို့သော မြန်မာနိုင်ငံမှ ကွယ်လွန်ဂျပန်စစ်သည်များ၏ အရိုးကောက်လုပ်ငန်းကို ဆောင်ရွက်ခဲ့ဖူးသော စစ်ပြန်ကြီးတစ်ဦးဖြစ်သည့် မစ္စတာအီမအီဇုမိ (အီမအီဇုမိ အထိမ်းအမှတ် ပညာရည်ချွန်ဆုအဖွဲ့၊ ဥက္ကဋ္ဌ)က သူ၏အတွေ့အကြုံကို ပြန်ပြောရှာပါသည်။

## အကူအညီပေးကြ

“ကျွန်တော်တို့ မြန်မာပြည်က မြို့ငယ်လေးရဲ့ ဘူတာရုံနားမှာ အရိုးကောက်ဖို့ တဲထိုးပြီး နေခဲ့ကြရတယ်။ ကျွန်တော်တို့မှာ မဝံ့မရဲနဲ့ပါ။ မကြာခင်မြို့ထဲကလူတွေ ကျွန်တော်တို့ကို တွေ့သွားပြီး ဂျပန်အရိုးကောက်အဖွဲ့ဆိုတာ သိသွားကြပါတယ်။ လှိုက်လှိုက်လှဲလှဲ အားတက်သရော လိုလိုချင်ချင် ကျွန်တော်တို့လုပ်ငန်းကို အကူအညီပေးကြတယ်။ အချို့စားစရာ အသီးအနှံ၊ ဟင်းသီးဟင်းရွက်တွေတောင် လက်ဆောင်ပေးကြပါတယ်။ ကျွန်တော်တို့ အလွန်ပဲအံ့သြဝမ်းသာမိရပါတယ်။ အခြားနိုင်ငံကို သွားကြတဲ့ အရိုးကောက်အဖွဲ့တွေကို ဒေသခံတွေက မလိုလားကြဘူး၊ မကြည်ဖြူကြဘူး၊ ရန်လိုကြတဲ့အထိ ဖြစ်ရပါတယ်။ ဒီမြန်မာမှာလည်း ကျွန်တော်တို့က အဲဒီလိုများ ဖြစ်မလားလို့ဆိုပြီး အစက စိုးရိမ်နေမိကြပါတယ်။ ဒီလိုစိတ်ထားဖြူစင်ပြီး ကူညီလိုစိတ်အပြည့်ရှိတဲ့ သည်းခံစိတ်၊ သနားကြင်နာစာနာတတ်တဲ့ မြန်မာတွေရဲ့စိတ်ဓာတ်တွေကို ကျွန်တော်တို့အံ့သြလေးစားမိခဲ့ရပါတယ်။”

## ဆက်ဆံရေးသမိုင်းကြောင်း

သို့သော် ယခုအချိန်မှာ ကျွန်တော်တို့ကို စစ်ပညာသင်ကြားပေးခဲ့သောဂျပန်များ၊ ကျွန်တော်တို့ မြန်မာနိုင်ငံသားများက စစ်ရှုံး၍ စစ်သုံ့ပန်းဖြစ်လုနီးနီးမှာ ကူညီစောင့်ရှောက်ပေးခဲ့သည့် ဂျပန်များ၊ စစ်ကြီးပြီး၍ သူတို့ဒုက္ခရောက်ချိန်မှာ ကျွန်တော်တို့ ဆန်ပေးပို့ကူညီခဲ့သည်ကို သိသည့် ဂျပန်များ၊ စစ်လျော်ကြေးကို လျှော့လျှော့ပေါ့ပေါ့ရယူခဲ့မှုကိုသိသော ဂျပန်များ၊ မြန်မာနိုင်ငံတစ်လွှားမှာ ကွယ်လွန်သေဆုံးခဲ့ကြရသည့် ဂျပန်စစ်သည်များ၏ အရိုးများကို ကြည်ကြည်ဖြူဖြူ ကူညီကောက်ယူခွင့်ပေးခဲ့သည်ကိုသိခဲ့သော ဂျပန်များ ယခုအချိန်အခါ၌ လက်ချိုးရေ၍ရလောက်အောင်ပင် ကျန်တော့သည်ဟု ထင်မိပါသည်။

ဒါက ကျွန်တော်တို့နိုင်ငံနှင့် သူတို့နိုင်ငံအကြား အပြန်အလှန် ဆက်ဆံရေးသမိုင်းကြောင်း ပုံရိပ်ခပ်ကြမ်းကြမ်းကြီးပါ။

စာမျက်နှာ ၇ သို့

❂ စာမျက်နှာ ၆ မှ

ကျွန်တော် ဂျပန်ကိုရောက်ခဲ့သည့် ၂၀၀၅ ခုနှစ်၌ မြန်မာ-ဂျပန် နှစ်နိုင်ငံအကြားသမိုင်းကြောင်းကိုသိသော နိုင်ငံရေးလောကနှင့် စီးပွားရေးလောကမှ ပုဂ္ဂိုလ်ကြီးအချို့ကျန်နေသေးသည်ကို တွေ့ရပါသည်။ ထိုသို့သော မြန်မာနိုင်ငံအား အထူးသံယောဇဉ်ရှိနေဆဲ အသက်(၈၀)ကျော် ပုဂ္ဂိုလ်ကြီးများ၏ အကူအညီဖြင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်ခိုင်မြဲရေးအတွက် သံတမန်တစ်ဦးအနေဖြင့် အစွမ်းကုန်ကြိုးပမ်းခဲ့ရပါသည်။

ကျွန်တော်သည် ၁၇-၅-၂၀၀၆ ရက်နေ့ နေ့လယ်ပိုင်း၌ ဂျပန်နိုင်ငံ အာဏာရပါတီမှ ဝန်ကြီးအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် Mr.Shinzo Abe အား တိုကျိုမြို့ Hotel Okura တွင် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံနိုင်ခဲ့ပါသည်။ Mr.Shinzo Abe သည် စက်တင်ဘာလတွင် ကိုအိဇုမိ နုတ်ထွက်ပြီးနောက် LDP ဥက္ကဋ္ဌ ရွေးချယ်ယှဉ်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့်သူဖြစ်ပြီး လူထုစစ်တမ်းများအရ ပြိုင်ဘက်များအနက် ထိပ်ဆုံးမှ " တစ်" ပြေးနေသူတစ်ဦးဖြစ်ပါသည်။ Mr.Shinzo Abe နှင့်အတူ ၎င်း၏ညီဖြစ်သူ အောက်လွှတ်တော်အမတ် Kishi Nobuo၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Shiozaki Yasuhisa နှင့် အောက်လွှတ်တော်အမတ် Nishimura Yasutoshi စုစုပေါင်းလေးဦး တက်ရောက်ခဲ့ပါသည်။ နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးတက်စေရန်နှင့် ပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ပါသည်။

## နှုတ်ပိတ်လန်းဆန်းတက်ကြွ

ဒီမတိုင်မီက သူ၏ဇနီးဖြစ်သူ Madame Akie Abe မြန်မာနိုင်ငံသို့ သွားရောက်လည်ပတ်ရန် ဗီဇာလျှောက်ထားခဲ့ပါသည်။ သို့သော် ထိုဧည့်ခံပွဲ၌ သူ့ဇနီး မြန်မာနိုင်ငံသို့သွားမည့်အကြောင်း တစ်စွန်းတစ်စမျှ မပြောရှာခဲ့ပါ။ Chief Cabinet Secretary ဆိုသည်မှာ ဂျပန်အစိုးရအဖွဲ့၌ ဝန်ကြီးချုပ်ပြီးလျှင် အာဏာအရှိဆုံးပါ။ သူသည် နှုတ်ပိတ်လန်းဆန်းတက်ကြွ ဖော်ရွေမှုအပြည့်ပါရှိသည့် အပြုံးမျက်နှာထားပိုင်ရှင်ပါ။ အပြုံးရှိသူချင်း စကားများပြောကြားရသည်က ကြည်နူးဝမ်းသာဖြစ်ခဲ့ရသည်မှာ အမှန်ပါ။

Mr.Shinzo Abe ၏အဘိုးသည် စစ်ကြိုခေတ်၌ ဝန်ကြီးချုပ် နိုဘူဆူကီကီရှိ ဖြစ်ပါသည်။ အဖေဖြစ်သူမှာ နိုင်ငံခြားရေးဝန်ကြီး ရှင်တာရာရိုအာဘေးဖြစ်ပါသည်။ သူ့အဖေနိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံခရီးစဉ်၌ Mr.Shinzo Abe သည် ကိုယ်ရေးအရာရှိအဖြစ် လိုက်ပါဖူးသည်ဟု ဆိုပါသည်။ ထိုစဉ်က လမ်းစဉ်ပါတီခေတ် ဝန်ကြီးအချို့မှာ ဂျပန်စာတတ်သလို ဂျပန်စကားပြောလည်း ကျွမ်းကြပါသည်။ ဧည့်ခံပွဲ၌ ဂျပန်လို စကားများဖောင်ဖွဲ့အောင် ပြောကြသည့်အပြင် ဂျပန်သီချင်းများကို အကျအနဆိုပြလိုက်သောအခါ နိုင်ငံခြားရေးဝန်ကြီး ရှင်တာရာရိုအာဘေးသည် ကျွန်တော်တို့ မြန်မာများအပေါ် အလွန်ပင်အသည်းခိုက်သွားပုံရပါသည်။ ထိုစဉ်က သူ့အဖေအနား၌ ရှိနေသော Mr.Shinzo Abe အားလည်း မြန်မာတို့၏ စိတ်ရင်းများက ကူးသွားစေခဲ့သည်မှာကေန်မလွဲပါ။

သူတို့ GMI NGO တည်ထောင်ရန် စိတ်ကူးကြစဉ်က Mr.Shinzo Abe က သူ့ဇနီး Madame Akie Abe အား မြန်မာနိုင်ငံကို အရင်သွားကြည့်ပါလားဟု အကြံပြုဖူးခဲ့သည်ကို ကြားသိရခြင်းက သက်သေခံပါသည်။

x x x x x

Madame Akie Abe ၏ ပထမဆုံးမြန်မာနိုင်ငံခရီးစဉ်က ပုဂ္ဂိုလ်ရေးဆန်ပါသည်။ ရန်ကုန်ရှိ သူတို့ ဂျပန်သံရုံးကိုပင် အသိမပေးပါ။ ဒီတော့လည်း ကျွန်တော့်အနေဖြင့် ပိုမိုလွတ်လပ်မှုရှိစေရန် MOFA သို့လည်း အကြောင်းမကြားခဲ့တော့ပါ။ ခရီးစဉ် ချောချောမောမောဖြစ်ရန်သာ ဆုတောင်းရပါသည်။

ပြန်လာမှပင် အတူလိုက်ပါသွားသော GMI မှ ကိုစိန်ဇော်သန်း၏ ခရီးစဉ်အကြောင်း ပြောပြမှပင် ရင်အေးရပါသည်။

"အစ်မကြီးက လွတ်လွတ်လပ်လပ်သွားချင်တာပါ၊ Formal ဆိုရင် ကြိုတင်မွမ်းမံပြင်ဆင်ထားကြမှာ။ အမှန်ကို မသိနိုင်ဘူးလေ။ အခုတော့ သူသွားချင်တဲ့နေရာ သူသွားတယ်၊ သူစားချင်တဲ့နေရာမှာ စားတယ်၊ သူကြည့်ချင်တာကို သွားကြည့်တယ်၊ သူတည်းခိုချင်တဲ့နေရာကို သွားတည်းတယ်၊ ဂျင်းဘောင်းဘီဝတ်ပြီး ကမ္ဘာလှည့်ခရီးသည်တစ်ဦးလို လွတ်လွတ်လပ်လပ်ကြီးကို သွားဖြစ်တာ၊ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ရှုခင်းနဲ့စိတ်ရင်းကို ပကတိအတွင်းတွေ့မြင်ခွင့်၊ သိရှိခွင့်၊ နားလည်ခွင့်ရအောင် လုပ်ပေးခဲ့တာပါ၊"

မှန်ပါသည်။ ကျွန်တော်တို့က လမ်းကြောင်းအတိုင်း ပို့ပေးပြီး ပကတိအတိုင်း ပြသသော်လည်း သူတို့က ယုံချင်မှယုံမှာကိုး။ ကျွန်တော်တို့ကလည်း သတင်းကြားသည်နှင့် မလိုလေးလိုလေး ကြိုတင်ပြင်ဆင်မှု အလွန်လုပ်တတ်သည့်လူမျိုးကိုး။ ဒီတော့ စိတ်ကြိုက်လွတ်လွတ်လပ်လပ် ထိတွေ့ခံစားသိမြင်စေပြီးမှ သူတို့၏ ထင်မြင်သုံးသပ်ချက်ပေးမှုက ပိုပြီးလက်တွေ့ကျပါသည်။ သမာသမတ်ကျပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံ၏ ကိုယ်ပိုင်အမျိုးသားရေးသွင်ပြင် စရိုက်လက္ခဏာဖြစ်သော ဖော်ရွေမှု၊ စေတနာရှိမှု၊ စိတ်ကောင်းရှိမှု၊ ယဉ်ကျေးသိမ်မွေ့ ပွင့်လင်းရိုးသားမှု၊ စိတ်ရှည်သည်းခံမှု၊ ကူညီရန် စိတ်ဆန္ဒပြင်းပြမှုတို့ကို Madame Akie Abe သည် အလွန်တရာပင် သဘောကျအလေးထားခဲ့ပုံရပါသည်။ ထိုမြန်မာနိုင်ငံခရီးစဉ်မှ စတင်အကြောင်းပြု၍ Madame Akie Abe သည် အခေါက်ပေါင်းများစွာ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ပါသည်။ ၎င်း၏ GMI NGO အဖွဲ့ အစည်းသည် မြန်မာနိုင်ငံ၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။၎င်းအပြင်သူမဟာဘွဲ့တက်ရောက်ရာ၌ ဘွဲ့အတွက် Thesis တင်ရာ၌ မြန်မာ့ဘုန်းတော်ကြီးသင်ပညာရေးစနစ်အကြောင်းကို ရေးသားပြုစုတင်သွင်းခဲ့သည်ဟု ကြားသိရဖူးပါသည်။

## နိုင်ငံရေးသမားပီသ

ပထမအကြိမ် ဂျပန်နိုင်ငံဝန်ကြီးချုပ်အဖြစ် Mr.Shinzo Abe သည် ၂၆-၉-၂၀၀၆ ခုနှစ်မှ ၁၆-၉-၂၀၀၇ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဝန်ကြီးချုပ်မှအနားယူသော်လည်း လွှတ်တော်အမတ်ထိုင်ခုံ၌ သွားထိုင်ပြီး နိုင်ငံရေးသမားပီသစွာ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့အတူ Madame Akie Abe သည်လည်း ကျွန်တော်တို့ မြန်မာနိုင်ငံသံရုံး၌ ပြုလုပ်ကျင်းပသည့် အမျိုးသမီးပွဲများကိုလည်း အားတက်သရော တက်ရောက်ချီးမြှင့်လေ့ရှိပါသည်။ ALFS အမျိုးသမီးအဖွဲ့အစည်းက ကျင်းပသည့် နိုင်ငံစုံအကပြပွဲမျိုးဖြစ်သည်။ ၎င်းအပြင် ကျောင်းဆရာကြီး မစ္စတာမတ်စုအီ၏ အိုကာဇာကီမြို့၌ ပြုလုပ်ကျင်းပသည့် မြန်မာနှင့်ဆိုင်ရာ ပွဲတော်များ၊ မြန်မာနိုင်ငံသို့ မီးသတ်ကားများ လှူဒါန်းပွဲများသို့ မြန်မာနိုင်ငံအား ချစ်သည့်စိတ်နှင့် တက်ရောက်ပေးခဲ့သည်ကိုလည်း တွေ့ရပါသည်။ ၎င်းသည် ဒေသခံဂျပန်များ၊ ကျွန်တော်တို့တစ်တွေနှင့် ဗန်သို ထမင်းဘူးမျိုးကို အတူတကွ ခင်မင်ရင်းနှီးစွာ စားသောက်တတ်သူတစ်ဦးဖြစ်သည်။ ကိန်းကြီးခန်းကြီး ဟန်ကြီးပန်ကြီးလုပ်တာမျိုးမတွေ့ရပါ။

ကျွန်တော်တို့နိုင်ငံတွင် နာဂစ်မုန်တိုင်းက ၂၀၀၈ ခုနှစ် မေလ ၂ ရက်နှင့် ၃ ရက်၌ သမိုင်း၌ မကြုံစဖူး သဘာဝဘေးအန္တရာယ်ဆိုးကြီးအဖြစ် ကျရောက်ခဲ့ရပါသည်။ လူပေါင်း ၇၇၇၃၈ ဦး သေဆုံးကာ ၅၅၉၁၇ ဦး ပျောက်ဆုံးပြီး ၁၉၃၉၅ ဦး ဒဏ်ရာရရှိခဲ့ပါသည်။

ထိုသဘာဝဘေးအန္တရာယ် နာဂစ်မုန်တိုင်းသင့်ဒေသကယ်ဆယ်ရေးကို အကြောင်းပြု၍ နိုင်ငံပေါင်းစုံမှ အကြောင်းအမျိုးမျိုး၊ ရည်ရွယ်ချက်အမျိုးမျိုးနှင့် ကူညီမည်ဟု တောင်းဆိုလာသည်ကို တွေ့ခဲ့ရပါသည်။ ကျွန်တော်တို့က ဂျပန်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ကြက်ခြေနီအဖွဲ့များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးတို့ကို မြန်မာနိုင်ငံသို့ သွားရောက်နိုင်ရန် ဗီဇာများထုတ်ပေးခြင်းများ ကူညီဆောင်ရွက်ပေးပါသည်။

ထိုကြားထဲ မြန်မာနိုင်ငံကို သံယောဇဉ်ကြီးလှသော Madame Akie Abe သည် နာဂစ်ဖြစ်ပွားရာဒေသများသို့ သွားရောက်လှူဒါန်းလိုကြောင်း ပြောဆိုလာပါသည်။ ထိုအချိန်၌ သူက အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ်ဇနီးမဟုတ်တော့ပါ။ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း၏ဇနီးဖြစ်နေပါပြီ။ သို့သော် Mr.Shinzo Abe ဝန်ကြီးချုပ်အဖြစ်မှ နားသည်မှာ ရှစ်လခန့်ပင်ရှိပါသေးသည်။ ထုံးစံအတိုင်း သူက Personal သွားမည်ဖြစ်ပြီး ရန်ကုန်ရှိ ဂျပန်သံရုံးကိုပင် အသိမပေးပါ။ ဒီတော့လည်း ကျွန်တော်တို့က MOFA ကိုလည်း အကြောင်းမကြားတော့ပါ။ သူ၏ စိတ်ရင်းစေတနာကို သိထားယုံကြည်ထားပြီးဖြစ်ပါသည်။ သူက ပုဂ္ဂိုလ်ရေးအမွှမ်းတင်လိုသူ၊ မည်သည်ကိုမျှ အကျိုးအမြတ်ထုတ်လိုသူတစ်ဦး မဟုတ်ပါ။ ထို့ကြောင့်လည်း မြန်မာနိုင်ငံသို့သွားသည့် အခေါက်တိုင်း Low Profile နှင့်သွားခြင်းဖြစ်သည်။

## ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူခဲ့ရ

ပြန်လာမှပင် သူ၏ခရီးစဉ်အကြောင်းကို လိုက်ပါသွားသူများမှတစ်ဆင့် မေးခဲ့ရပါသည်။ ထိုစဉ်က မုန်တိုင်းသင့်ထားသည်မှာ ပူပူနွေးနွေးမို့ ထိုဒေသသို့ ရောက်ရန် ခရီးလမ်းက ကြမ်းတမ်းလှပါသည်။ ကားတစ်တန်၊ ပဲ့ထောင်စက်လှေတစ်တန်၊ ခြေကျင်တစ်တန် ခရီးကြမ်းကို စွန့်စွန့်စားစားသွားခဲ့ရပါသည်။ သို့သော် သူ၏မှတ်ချက်စကားများကို တစ်ဆင့်ပြန်လည်ကြားရသည့်အခါ ကျွန်တော်တို့၏ မြန်မာစိတ်ရင်းအတွက် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူခဲ့ရသည်မှာ အမှန်ပါ။

"ကျွန်မရောက်သွားတဲ့အိမ်က လယ်ကွက်ထဲမှာပါ။ အဲဒီအိမ်မှာ ပတ်ဝန်းကျင်ကအိမ်တွေ ပျက်စီးပြီး ဒုက္ခရောက်နေကြတဲ့သူတွေ စုပြီးနေကြတာပါ။ ကျပ်ကျပ်တည်းတည်း မလုံမလဲနဲ့ပါ။ ဒါပေမဲ့ ကျွန်မတို့အဖွဲ့ကို သူတို့မှာရှိတဲ့ဆန်လေးတွေနဲ့ ထမင်းတွေ ချက်ကျွေးကြတယ်၊ ငါးဟင်းတွေလည်းပါတယ်၊ ခြံထွက်ဟင်းသီးဟင်းရွက်တွေနဲ့ပါ၊ ကျွန်မတို့အပြန်မှာ ပုစွန်ခြောက်လိုဟာမျိုးတွေ လက်ဆောင်အဖြစ်နဲ့ ပေးသေးတယ်၊ ကူညီဖို့သွားတဲ့သူတွေကို ဒုက္ခရောက်နေတဲ့သူတွေက ရှိတာလေးနဲ့ ထမင်းဟင်းချက်ကျွေးဧည့်ခံပြီး အပြန်မှာ လက်ဆောင်တောင်ပေးသေးတယ်ဆိုတာ ရှင်တို့မြန်မာနိုင်ငံပဲ ကမ္ဘာပေါ်မှာ ရှိတယ်ထင်ပါတယ်" တဲ့။

x x x x x

ကျွန်တော်တို့အနေဖြင့် Madame Akie Abe အား သူ၏ GMI NGO ၏ လှူဒါန်းပွဲနှင့် ဧည့်ခံပွဲများ၌ ဆုံဖြစ်သည်က များပါသည်။ Mr.Shinzo Abe သည် တစ်ကျော့ပြန် ၂၀၁၂ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း၌ ဂျပန်နိုင်ငံ၏ စစ်ပြီးခေတ် သက်တမ်းအရှည်ကြာဆုံး ဝန်ကြီးချုပ်ဖြစ်ခဲ့ပါသည်။ ထိုကာလများ၌ မြန်မာနိုင်ငံသို့ ဝန်ကြီးချုပ်၏ဇနီးအနေဖြင့် Madame Akie Abe လာရောက်ခဲ့ပါသော်လည်း အချို့ကိစ္စရပ်များမှအပ အတတ်နိုင်ဆုံး Low Profile ပင်နေပါသည်။

ကျွန်တော့်အနေဖြင့်က Mr.Shinzo Abe နှင့် ၁၇-၅-၂၀၀၆ ရက်နေ့၌ အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ်အနေဖြင့် ပထမဆုံး တွေ့ဆုံခဲ့ရသည်မှအပ ဂျပန်နိုင်ငံ၌ ထပ်မတွေ့ရတော့ပါ။ ၂၀၁၀ ပြည့်နှစ် ကုန်ခါနီး၌လည်း ကျွန်တော် မြန်မာနိုင်ငံသို့ အငြိမ်းစားယူရန် ပြန်ရောက်ခဲ့ရပါသည်။

သို့သော် ရန်ကုန်၌မူ မှတ်မှတ်ရရ တစ်ကြိမ်တွေ့ဆုံဖြစ်ပါသည်။ သမ္မတကြီး ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့ပါသည်။

ထိုစဉ်က ဝန်ကြီးချုပ် Mr.Shinzo Abe အား ရန်ကုန်လေဆိပ်၌ ခရီးဦးကြိုဆိုနှုတ်ဆက်ရသည့် အဖွဲ့၌ အဖွဲ့ဝင်တစ်ဦးအဖြစ် ကျွန်တော်ပါခဲ့ပါသည်။

ကျွန်တော့်အား တွေ့ရသည်နှင့် အံ့သြဝမ်းသာ ပြုံးရွှင်စွာဖြင့် နှုတ်ဆက်ပါသည်။

"တိုက်ရှိ (ဂျပန်လို သံအမတ်ကြီး)၊ တိုက်ရှိ ပါလား"

ယခုထက်တိုင် ကြားယောင်နေဆဲပါ။

x x x x x

ဝန်ကြီးချုပ် Mr.Shinzo Abe လက်ထက်၌ ကျွန်တော်တို့နိုင်ငံ၏ ဘီလီယံနှင့်ချီသော ကြွေးမြီတင်ရှိနေမှုများကို လျှော်ပေးမှုများ၊ ဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အပံ့များ၊ Soft Loan များ စသည်တို့ မြောက်မြားစွာ ရရှိခဲ့ပါသည်။ အသေးစိတ်ဖော်ပြရေးသားရန်လတ်တလောအချိန်မပေးနိုင်သေးသည့် ကျွန်တော့်အား နားလည်ခွင့်လွှတ်ပေးစေလိုပါသည်။

အဓိကမှာ ကျွန်တော်တို့ နှစ်နိုင်ငံအကြား သမိုင်းကြောင်းရှည်လျားသော ချစ်ကြည်ရင်းနှီးမှုနှင့် နက်ရှိုင်းစွာရှိသည့် ဆက်ဆံရေးကို အတွင်းကျကျသိရှိကြသော ပုဂ္ဂိုလ်ကြီးများ သက်ရှိထင်ရှားကျန်ရှိသည့် အရေအတွက်က နည်းပါးလှပါသည်။ ထိုသို့သောနှစ်နိုင်ငံအကြားဆက်ဆံရေးကို မျိုးဆက်အဆင့်ဆင့်အကြားလက်ကမ်းသယ်ဆောင်ပေးမည့် ပုဂ္ဂိုလ်ကြီးမျိုးများလည်း အထူးလိုအပ်လှပါသည်။

## ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး

ထိုသို့သောပုဂ္ဂိုလ်များအနက် Mr.Shinzo Abe သည် အထင်ကရပုဂ္ဂိုလ်တစ်ဦးဟု ဆိုနိုင်ပါသည်။ အဘိုး ဝန်ကြီးချုပ်ခေတ်မျိုးဆက်၊ အဖေ နိုင်ငံခြားရေးဝန်ကြီးခေတ်မျိုးဆက်၊ သူတို့မျိုးဆက်များအကြား၌ ကျွန်တော်တို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ကွင်းဆက်များသဖွယ် ပေါင်းကူးတည်ဆောက်ခဲ့သူတစ်ဦးဆိုလျှင်လည်း မမှားပါ။

ထို့ကြောင့် ထိုသို့သောပုဂ္ဂိုလ်ကြီးဖြစ်သည့် ဝန်ကြီးချုပ်ဟောင်း Mr.Shinzo Abe ကွယ်လွန်သွားမှုအပေါ် ကျွန်တော်တို့အနေဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဝန်ကြီးချုပ်ဟောင်း Mr.Shinzo Abe ကြိုးပမ်းဆောင်ရွက်ခဲ့သော ဂျပန်-မြန်မာချစ်ကြည်ရေး အခွန့်ရှည်ခိုင်မြဲပါစေဟု ဆန္ဒပြုရပါသည်။

ထို့အတူ သူတို့လေးစားတန်ဖိုးထား အသိအမှတ်ပြုခဲ့သည့် ကျွန်တော်တို့ မြန်မာနိုင်ငံ၏ စစ်မှန်သော ကိုယ်ပိုင်အမျိုးသားသွင်ပြင် ယဉ်ကျေးမှုစရိုက်လက္ခဏာများကို ထာဝရထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေဟုလည်း ထပ်ဆင့်ဆန္ဒပြုရပါသည်။ ။

❖ ယခုအချိန်မှာ ကျွန်တော်တို့ကို စစ်ပညာသင်ကြားပေးခဲ့သောဂျပန်များ၊ ကျွန်တော်တို့ မြန်မာနိုင်ငံသားများက စစ်ရှုံး၍ စစ်သုံ့ပန်းဖြစ်လုနီးနီးမှာ ကူညီစောင့်ရှောက်ပေးခဲ့သည့် ဂျပန်များ၊ စစ်ကြီးပြီး၍ သူတို့ဒုက္ခရောက်ချိန်မှာ ကျွန်တော်တို့ ဆန်ပေးပို့ ကူညီခဲ့သည်ကို သိသည့်ဂျပန်များ၊ စစ်လျော်ကြေးကို လျှော့လျှော့ပေါ့ပေါ့ ရယူခဲ့မှုကို သိသောဂျပန်များ၊ မြန်မာနိုင်ငံတစ်လွှားမှာ ကွယ်လွန်သေဆုံးခဲ့ကြရသည့် ဂျပန်စစ်သည်များ၏ အရိုးများကို ကြည်ကြည်ဖြူဖြူ ကူညီကောက်ယူခွင့်ပေးခဲ့သည်ကိုသိခဲ့သော ဂျပန်များ ယခုအချိန်အခါ၌ လက်ချိုးရေ၍ ရလောက်အောင်ပင် ကျန်တော့သည်

❖ ထိုသို့သောပုဂ္ဂိုလ်များအနက် Mr.Shinzo Abe သည် အထင်ကရပုဂ္ဂိုလ်တစ်ဦးဟု ဆိုနိုင်ပါသည်။ ကျွန်တော်တို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ကွင်းဆက်များသဖွယ် ပေါင်းကူးတည်ဆောက်ခဲ့သူတစ်ဦးဆိုလျှင်လည်း မမှားပါ

# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆထိခိုက်မှုအန္တရာယ်ကြောင့် ပြည်သူတို့၏ အသက်နှင့်လူမှုစီးပွားဘဝ ဆုံးရှုံးမှုများ၊ ဒဏ်ရာရမှုများ လျော့နည်းကျဆင်းစေရေးအတွက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ(NRSC)၏ အချိန်တိုအတွင်း ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ရေး Quick Win လုပ်ငန်းအစီအမံ(၅) ရပ်နှင့်အညီ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မော်တော်ယာဉ်မောင်းနှင်အသုံးပြုရာတွင် မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်အသုံးပြုရန်၊

(ခ) မော်တော်ဆိုင်ကယ်မောင်းနှင်စီးနင်းသူများ၊ နောက်မှလိုက်ပါစီးနင်းသူများအနေဖြင့် အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်များ ဝတ်ဆင်အသုံးပြုရန်နှင့် မေးသိုင်းကြိုးမြဲမြံစွာ တပ်ဆင်အသုံးပြုရန်၊

(ဂ) အရက်သေစာမူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရန်၊

(ဃ) မော်တော်ယာဉ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရန်၊

(င) မော်တော်ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်ခြင်း မပြုရန်။

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**

# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝါတွင်းကာလ မဟာသံဃိကဒါနအရုဏ်ဆွမ်း လောင်းလှူပူဇော်

**ပုသိမ် ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝါတွင်းကာလ မဟာသံဃိကဒါနအရုဏ်ဆွမ်း လောင်းလှူပူဇော်ပွဲကို ယနေ့နံနက် ၄ နာရီခွဲက ပုသိမ်မြို့ ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီး ဒေါ်လှယဉ်(ဝိသာခါ)ဓမ္မာရုံ၌ ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး ဒေါ်ကြည်ကြည်ထွန်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်၍ အရုဏ်ဆွမ်းများ လောင်းလှူခဲ့ကြသည်။

ဦးစွာ ပုသိမ်မြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးတွင် ဝါဆိုဝါကပ်တော်မူကြသော သံဃာတော်အရှင်သူမြတ်များမှ အရုဏ်ဆွမ်းခံကြွရောက်တော်မူလာကြကုန်သော သံဃာတော် ၁၉၃၉ ပါးတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်အမှူးပြုသော စေတနာရှင်အလှူရှင်များက အရုဏ်ဆွမ်း လောင်းလှူပူဇော်ခဲ့ကြသည်။

ဆက်လက်၍ အရုဏ်ဆွမ်းလောင်းလှူပူဇော်ပွဲအပြီးတွင် ပုသိမ်မြို့ရှိ ထေရ်ကြီးဝါကြီးသံဃာတော်အရှင်သူမြတ်ငါးပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ခြင်းနှင့် ဝါတွင်းကာလ မဟာသံဃိကဒါန အရုဏ်ဆွမ်းလောင်းလှူပူဇော်ပွဲ ရေစက်ချမင်္ဂလာအခမ်းအနားကိုကျင်းပရာ အခမ်းအနားသို့ ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များ ချီးမြှင့်ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ၊ အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဝါတွင်းကာလအတွင်း သံဃာတော်အရှင်သူမြတ်များ သာသနာရေးဆိုင်ရာကိစ္စရပ်များကို စိတ်



အေးချမ်းသာစွာ ဆောင်ရွက်နိုင်ရေး ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင်များက ဝါတွင်းကာလပတ်လုံး တနင်္လာနေ့မှအပ တစ်ပတ်လျှင် ခြောက်ရက်ဖြင့် အရုဏ်ဆွမ်းများ လောင်းလှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဖျာပုံမြို့၌ Rs to Cs စီးပွားဖြစ် မျိုးသန့်၊ မျိုးပွား မျိုးစေ့ စိုက်ပျိုးပွဲပြုလုပ်

**ဖျာပုံ ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကိုးအိမ်တန်းကျေးရွာအုပ်စု နောင်တော်ကြီးဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ ကွင်းအမှတ်( ၄၉၉ A) ဦးပိုင်အမှတ်( ၁/၁)တောင်သူ ဦးဇော်လှိုင်ထွန်း၏ လယ်မြေတွင် ပေါ်ဆန်းရင်မျိုးအား၊ ပေါင်စနစ်ဖြင့် ပျိုးထောင်ပြီး ပျိုးသက်နုဖြင့်ခြောက်တန်း၊ တစ်တန်းလှပ်စနစ်ဖြင့် Rs to Cs စီးပွားဖြစ် မျိုးသန့်၊ မျိုးပွား မျိုးစေ့ စိုက်ပျိုးပွဲပြုလုပ်ခြင်းကို ယနေ့နံနက် ၉ နာရီက အဆိုပါကျေးရွာတွင် ပြုလုပ်သည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လင်းနှင့် တာဝန်ရှိသူများက ကောက်စိုက်သမများအား ထောက်ပံ့ငွေများပေးအပ်ကြသည်။

ထို့နောက် ခရိုင်/မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံတောင်သူနှင့် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးဆိုင်ရာများအပြန်အလှန်ဆွေးနွေးကြသည်။

ဖျာပုံမြို့နယ်အနေဖြင့် Rs to Cs စီးပွားဖြစ် မျိုးသန့်၊မျိုးပွား မျိုးစေ့စိုက်ပျိုးခြင်းကိုအောက်ကွင်းကြီးမျိုးသန့်ခြံမှ မျိုးသန့် မျိုးစေ့ကိုရယူပြီး မြို့နယ်အတွင်းရှိကျေးရွာအုပ်စု ကိုးအုပ်စုအတွင်းရှိ တောင်သူ ၂၉ ဦးတို့၏လယ်ယာမြေဧက ၁၇၀ အတွင်း စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံးမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဝါးခယ်မ၌ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းလက်တွေ့သရုပ်ပြ

**ဝါးခယ်မ ဇူလိုင် ၁၄**

ဧရာဝတီတိုင်း ဒေသကြီး ဝါးခယ်မမြို့နယ် စက်မှုလယ်ယာ ဦးစီးဌာနမှ ဦးဆောင်၍ အစိုးရစက်မှုလက်မှု သိပ္ပံကျောင်း (ဝါးခယ်မ)မှ စက်မှုလယ်ယာ နည်းပညာသင်တန်း ကျောင်းသား ကျောင်းသူများအား ကောက်စိုက်စက် (ခြောက်တန်းသွား)ဖြင့် စပါးစိုက်ပျိုးခြင်း လက်တွေ့သရုပ်ပြပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီခွဲက ကြာဖြူကျေးရွာအုပ်စု သဲကုန်းကျေးရွာ ကွင်းအမှတ် (၁၀၀၃) ဦးပိုင်အမှတ်(၁၇/၂) တောင်သူ ဦးရွှေပွား၏ လယ်ယာမြေတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။



စက်မှုလယ်ယာ ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစည်သူကျော်က ကျောင်းသား ကျောင်းသူများ၊ တောင်သူလယ်သမားများအား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရခြင်း၏ အကျိုးကျေးဇူးများ၊ စက်မှုပိုင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများအား လက်တွေ့လိုက်ပါမောင်းနှင် ပြသပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကြောင့် လုပ်အားခ သက်သာခြင်း၊ မျိုးစေ့ကုန်ကျမှု နည်းပါးခြင်း၊ ပျိုးထောင်ဧရိယာ အနည်းငယ်သာ လိုအပ်ခြင်း၊ ပျိုးပင်များ ပြုပြင်ထိန်းသိမ်းမှု လွယ်ကူစိတ်ချရခြင်း၊ ပျိုးပင်များ နုတ်ယူရန် မလိုခြင်း၊ သန်မာ၍ ရောဂါကင်းသော ပျိုးပင်များရရှိခြင်း၊ ပျိုးပင်ပွားမှုနှုန်းကောင်းပြီး စပါးအထွက်နှုန်း ကောင်းစေခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသည့် စပါးခင်းအား ရိတ်စက်၊ ရိတ်သိမ်း ခြွေလှေ့စက်များဖြင့် အလွယ်တကူ ရိတ်သိမ်းနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိကြောင်း သိရသည်။

**ဝါးခယ်မ(ပြန်/ဆက်)**

# အလုပ်ခွင်ထိခိုက်မှု အကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေး

**ရန်ကုန် ဇူလိုင် ၁၄**

ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Heng An အိတ်ချုပ်စက်ရုံမှ အာမခံအလုပ်သမားတစ်ဦးသည် အလုပ်ခွင်မှ နေအိမ်သို့အပြန် ယာဉ်တိုက်မှုဖြစ်၍ ခြေထောက်နှစ်ဖက်ထိခိုက်ဒဏ်ရာရရှိခြင်းအတွက် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားသူ အလုပ်သမားအား အကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေးခြင်းကို ယမန်နေ့ နံနက် ၁၁ နာရီတွင် ကျောက်တံတားမြို့နယ် ဘားလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်းက ၂၀၁၂ခုနှစ် လူမှုဖူလုံရေး ဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းကို ရှင်းလင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက ရွှေပြည်သာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် Heng An အိတ်ချုပ်စက်ရုံမှ အာမခံ အလုပ်သမား ဦးသန်းတိုးအောင်သည် ခြေနှစ်ချောင်း ဖြတ်တောက်ခံရခြင်းအတွက် အမြဲတမ်းမသန်စွမ်းမှု ခွင့်ပြုငွေကျပ် ၆၃၅၀၄၀၀ကို အလုပ်ဌာန တာဝန်ရှိသူ၏ ရှေ့မှောက်တွင် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားသူအား ငွေလုံးငွေရင်း အကျိုးခံစားခွင့်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။



**ဉာဏ်ဟိန်း**

## (၇၅) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူမည်

**နေပြည်တော်　ဇူလိုင်　၁၄**

၂၀၂၂ ခုနှစ် ဇူလိုင် ၁၉ ရက် (အင်္ဂါနေ့) (၇၅) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ် အချိန်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန ရုံးအဆင့်ဆင့်သို့ ဆက်လက်ညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာန အဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သိရသည်။

**သတင်းစဉ်**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)၌ လမ်းပေါ်နေကလေး ငါးဦးအား စက်ချုပ်အခြေခံနှင့်အဆင့်မြင့်ပညာများသင်ကြားပေး

**မန္တလေး　ဇူလိုင်　၁၄**

အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း(မန္တလေး)တွင် လမ်းပေါ်နေကလေး ငါးဦးအား စက်ချုပ်အခြေခံနှင့် အဆင့်မြင့်ပညာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း အဆိုပါကျောင်း ကျောင်းအုပ်ထံမှ သိရသည်။



"ဝန်ကြီးဌာနရဲ့ စီမံချက်ကို Pilot Project နဲ့ မီနီဘတ်ဂျက်ကနေစပြီးဆောင်ရွက်နေတာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာ စီမံချက်ကလေးအနေနဲ့ ဇ၀ ထဲက စက်ချုပ်ပညာသင်ယူနေတဲ့ ကလေးငါးဦးရှိပါတယ်။ အသက် (၁၁) နှစ်နဲ့ (၁၂) နှစ် အရွယ်တွေပါ။ အခြေခံရော အဆင့်မြင့်ပါ တက်ရောက်နေသူတွေပါ။ သင်တန်းချိန်က မနက် ၉ နာရီကနေ ညနေ ၃ နာရီခွဲအထိပါ။ ပုံမှန်ကလေးတွေ သင်ပေးရတာ နဲ့ ကွာဟမှုတွေရှိပါတယ်။ အခေါ်အဝေါ်၊ အကိုင်အတွယ်၊ အတွက်အချက်ကနေစပြီး သင်ပေးရတာပါ။ သင်ပေးတဲ့ ဆရာမကလည်း စိတ်ရှည်လက်ရှည်နဲ့ သင်ပေးပါတယ်။ ပထမသုံးဦးက သုံးလကျော်ရှိပြီ။ ကိုယ်တိုင် တွက်တတ်၊ ဆွဲတတ်၊ ချုပ်တတ်တဲ့ အဆင့်အထိ ရောက်နေပါပြီ။ အောင်မြင်တယ်ပြောရမှာပါ။ ကျောင်းရဲ့ ရည်ရွယ်ချက်အတိုင်း တတ်မြောက်ထားတဲ့ အတတ်ပညာကို မှန်ကန်စွာအသုံးချပြီး မိမိဘဝရပ်တည်နေထိုင်သွားနိုင်စေဖို့ ဦးတည်သင်ကြားပေးနေတာဖြစ်ပါတယ်"ဟု အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး) မှ ကျောင်းအုပ် ဒေါ်ဆွေဆွေမာက ပြောသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လမ်းပေါ်နေကလေး လျော့နည်းပပျောက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးစီမံချက်အရ လမ်းပေါ်နေကလေး နေပြည်တော်တွင် ၄၀၊ ရန်ကုန်တွင်၁၀၀၊ မန္တလေးတွင် ဇ၀ တို့ကို ရွေးချယ်ကာ ကလေးများ၏ဆန္ဒအလျောက် ဝါသနာပါရာအတိုင်း သင်ကြားလိုသည့် ပညာရပ်များကို ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိရာ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး) နှင့် ဝေါဗီးရှင်းတို့ပူးပေါင်း၍ အခမဲ့စီစဉ်သင်ကြားပေးခြင်းဖြစ်ပြီး အဆိုပါကျောင်းတွင် ကလေးငါးဦးမှာ စက်ချုပ်အခြေခံနှင့် အဆင့်မြင့်ပညာရပ်များကို သင်ယူလျက်ရှိသည်။

"သမီးက စက်ချုပ်ပညာကို တအားတတ်ချင်တာ၊ ဝေါဗီးရှင်းက စက်ချုပ်သင်တန်းထားပေးမယ်ဆိုပြီး ဖုန်းနဲ့ဆက်သွယ်ပေးလို့ ကျောင်းရောက်လာတာ။ အရင်ဆုံး စက္ကူလေးနဲ့ ထောင့်ချိုး၊ ရေလှိုင်းပုံလေးတွေ အနင်းသင်ရတယ်။ အစတွေနဲ့လည်း နင်းခိုင်းတယ်၊ ပြီးတော့ ကိုယ်တိုင်းတာ၊ ပုံဆွဲတာ၊ အစည့်ပ်ခိုင်းတာတွေ သင်ရတယ်။ နောက်တော့ ဂါဝန်လေးတွေ၊ အင်္ကျီလေးတွေ ချုပ်ခိုင်းတယ်။ စက်ချုပ်ပညာတတ်သွားရင် ဒီပညာနဲ့ပဲ လုပ်စားမယ်။ မိဘတွေကိုလည်း လုပ်ကျွေးမယ်။ အခုလိုထားပေးတဲ့အတွက် အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်"ဟု သင်တန်းတက်ရောက်နေသူတစ်ဦးက ပြောသည်။

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ ဖွင့်လှစ်ထားရှိ သင်ကြားပေးလျက်ရှိကြောင်း၊ မန္တလေးမြို့တွင် ၈၃လမ်း၊ ၂၅လမ်း နှင့် ၂၆လမ်း၌ ဖွင့်လှစ်ထားရှိကာ အိမ်တွင်းမှုပညာရပ်များဖြင့်ကျွမ်းကျင်လုပ်သားများဖြစ်လာပြီး မိမိတို့ကိုယ်တိုင် ရပ်တည်နေထိုင်နိုင်စေရေး ရည်ရွယ်၍ ကျောင်းအခြေပြုတွင် သင်တန်းအမျိုးအစား ၁၃ မျိုး ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ မိမိဝါသနာပါရာပညာရပ်ကို ရွေးချယ်သင်ယူနိုင်ကြောင်း သိရသည်။

**မောင်အေးချမ်း**

## ဆေးတက္ကသိုလ်(၂)ရန်ကုန်၌ ဇူလိုင် ၁၈ ရက်မှ စတင်တာဝန်ထမ်းဆောင်မည့် အလုပ်သင်ဆရာဝန်များ သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော်　ဇူလိုင်　၁၄**

ဆေးတက္ကသိုလ်(၂) ရန်ကုန်၏ သင်ကြားရေးဆေးရုံများတွင် ဇူလိုင် ၁၈ ရက်မှစတင်၍ တစ်နှစ်ကြာ တာဝန်ဝန်ထမ်းဆောင်မည့် အလုပ်သင်ဆရာဝန်များအတွက် ဇူလိုင် ၁၃ ရက်မှ ၁၅ ရက်အထိ ပို့ချမည့် စာတွေ့၊ လက်တွေ့ သင်တန်းဖွင့်လှစ်ပွဲကို ဇူလိုင် ၁၃ ရက်တွင် ရွှေရတုဆောင် အဓိပတိခန်းမ၌ ကျင်းပခဲ့ရာ ပါမောက္ခချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

**သင်ကြားလေ့ကျင့်ပေး**

အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်နှင့်တကွ သင်ကြားရေးဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ ဆေးပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွားမီးယပ်ပညာ၊ ကလေးကျန်းမာပညာ၊ အရိုးရောဂါပညာ၊ မေ့ဆေးပညာ၊ အရေးပေါ် ဆေးကုသမှုပညာ၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာ၊ ဥပဒေရေးရာဆေးပညာ၊ ဆေးဝါးဗေဒဌာနတို့မှ ပါမောက္ခ/ ဌာနမှူးများ၊ ပါမောက္ခများနှင့် သင်တန်းသား အလုပ်သင်ဆရာဝန်များ တက်ရောက်ခဲ့ကြသည်။ လက်တွေ့သင်တန်း၌ ဆေးတက္ကသိုလ်(၂) ရန်ကုန်၏ Skill Training Lab ရှိ Skill Training Manikins ပုံတူရုပ်များဖြင့် သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကမ္ဘာတည်တိုင် မေ့ပါနိုင်

(အိုင်ချင်း)

☆ ချစ်တဲ့သူငယ်လေ
ပြည်ထောင်စုဖွား၊ ညီအစ်ကိုမောင်နှမများတို့ရေ။
☆ လွန်ခဲ့တဲ့ ခုနစ်ဆယ့်ငါးနှစ်က၊
ဇူလိုင်လ တစ်ဆယ့်ကိုးရက်၊
မနက် ဆယ်နာရီကျော်၊
မလျော်တဲ့အမှု၊ ဒင်းတို့ပြုလို့
ပြည်သူ့ရင်နှစ်၊ ရေတိမ်နစ်ကာ
အဖြစ်ဆိုးနဲ့ ကြုံခဲ့တယ်။
☆ ကမ္ဘာတည်တိုင်၊ မမေ့နိုင်တဲ့
ဇူလိုင်တစ်ဆယ့်ကိုး၊
ဂြိုဟ်မွှေကာ၊ ဇာတာညှိုးထင့်
ရန်ငြိုးဖွဲ့နေ၊ လက်ပါးစေတို့
ခြေထိုးသွေးခွဲ၊ ကျားငနဲနှင့်
လက်တွဲပူးပေါင်း၊
မကြံကောင်းမစည်ကောင်း
တို့ခေါင်းဆောင်ကောင်းတွေကို
သေကြောင်းကြံစည်ခဲ့ကြတယ်။
☆ သေကြောင်းကြံတဲ့၊သစ္စာမဲ့တို့
နယ်ချဲ့ရဲ့ရန်၊ မတော်လှန်ဘဲ
နိုင်ငံကောင်းကျိုး၊ ဆောင်သယ်ပိုးတဲ့
တစ်မျိုးသားလုံးရဲ့ခေါင်းဆောင်ဗိုလ်ချုပ်နဲ့
လုပ်ဖော်ကိုင်ဖက်၊ အိုးစားဖက်တွေကို
ရက်ရက်စက်စက်၊ လုပ်ကြံရက်တယ်
ပက်စက်ယုတ်မာ လွန်းပါ့ကွယ်။
လက်မည်းကြီးတို့ကလည်း ဉာဉ်ဆိုးတယ်။
☆ လျှောက်ခဲ့ခရီး၊ ရောက်ခါနီးမှ
ရင့်သီးယုတ်မာ၊ လူမိုက်စာတို့
အာဏာယစ်မူး၊ အာဏာရူးကာ
ဘီလူးစိတ်ရိုင်း၊
မဆင်ခြင်၊ ထင်ရာစိုင်းတော့
တစ်တိုင်းပြည်လုံး၊ ကြိမ်မီးအုံးနှယ်
ယူကျုံးမရ ဖြစ်ရတယ်။
☆ အလိုလေ့အိုင်၊
ဇူလိုင်တစ်ဆယ့်ကိုး၊ အဖြစ်ဆိုးနဲ့
ကိုယ်ကျိုးမငဲ့၊ ဆုံးပါးခဲ့တဲ့
ခုနစ်ဆယ့်ငါးနှစ်ကြာ၊ ပုံရိပ်လွှာကို
ကမ္ဘာတည်တိုင် "မေ့ပါနိုင်" လေ။　။


ရေနံ့သာမောင်ကျော်ညွန့်

# ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများစွာဖြင့် နိုင်ငံတကာကို ဖိတ်ခေါ်လျက်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန်

ခင်ရတနာ

မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် အကြီးဆုံးသော သီလဝါအထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်မံဖိတ်ခေါ်ထားကြောင်း သီလဝါအထူးစီးပွားရေးဇုန်မှ သိရှိရပါသည်။

"သီလဝါ အထူးစီးပွားရေးဇုန်မှာ ရင်းနှီးမြှုပ်နှံတဲ့အခါ အခြားနေရာတွေနဲ့ ကွာခြားမှုကို မြင်တွေ့ခံစားရမယ်။ ထူးထူးခြားခြားကို မတူညီတဲ့အရသာ ခံစားရမယ်"ဟု သီလဝါအထူးစီးပွားရေးဇုန်၏ စီမံခန့်ခွဲမှုကော်မတီက ကြေညာထားသည်။ သီလဝါအထူးစီးပွားရေးဇုန်သည် ရန်ကုန်မြို့စွန်၌ ၂၀၁၅ ခုနှစ် စက်တင်ဘာလက စတင်လည်ပတ်ခဲ့သည်။ စနစ်တကျတည်ဆောက်ထားသည့် အခြေခံအဆောက်အအုံများနှင့် ကောင်းမွန်ပြီးပြည့်စုံသည့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကို သီလဝါအထူးစီးပွားရေးဇုန်၌ မြင်တွေ့ရသည်။




အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်းကို တွေ့ရစဉ်။

**မြန်မာနိုင်ငံ၏အထူးစီးပွားရေးဇုန်များ**

ကီလိုမီတာ ၂၈၀၀ (၁၇၅၉) မိုင်ခန့် ရှည်လျားသည့် မြန်မာ့ကမ်းရိုးတန်းကြောင့် ဒေသတွင်းကုန်သွယ်မှုတွင် ပင်လယ်ရေကြောင်းမှ အလွယ်တကူ ဝင်ရောက်နိုင်သဖြင့် တရုတ်၊ တောင်အာရှနှင့် အရှေ့တောင်အာရှအကြား ကုန်သွယ်မှု ပေါင်းကူးတံတားဖြစ်လာရန် အလားအလာကောင်းများ ပိုင်ဆိုင်ထားပါသည်။ ထို့ပြင် သယံဇာတကြွယ်ဝသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ သတ္တု၊ သဘာဝဓာတ်ငွေ့၊ စိုက်ပျိုးရေးထွက်ကုန်၊ ရေထွက်ကုန်၊ သစ်အခြေခံထွက်ကုန် စသည်ဖြင့်သဘာဝအရင်းအမြစ်ကောင်းများနှင့် ပြည့်စုံလျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း အထူးစီးပွားရေးဇုန်များ တည်ဆောက်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရန်နှင့် အထူးစီးပွားရေးဇုန်များ အောင်မြင်လာစေရန် အထူးဦးစားပေးဆောင်ရွက်လျက်ရှိသည်။

ပထဝီသဘောတရားအရ မဟာဗျူဟာကျသည့် အရှေ့တောင်အာရှ ကုန်ထုတ်လုပ်မှုအခြေခံနှင့် သယ်ယူပို့ဆောင်ရေးအချက်အချာ နေရာသစ်ဖြစ်လာရန် အခွင့်အလမ်းများစွာရှိသည့် ဒေသသုံးခုတွင် အထူးစီးပွားရေးဇုန်များကို ဖော်ဆောင်ထားပြီးဖြစ်သည်။ ယင်းတို့မှာ သီလဝါအထူးစီးပွားရေးဇုန်၊ ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်တို့ဖြစ်ကြသည်။ အထူးစီးပွားရေးဇုန်အများစုတွင် ရေနက်ဆိပ်ကမ်း၊ အခြေခံအဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်ရေးအတွက် အဓိကလမ်းမကြီးများ ချိတ်ဆက် ဖောက်လုပ်ထားသည်။ အထူးစီးပွားရေးဇုန်များသည် ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းများကိုပေးသည့်အပြင် ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ရရှိစေသည့်နေရာများဖြစ်ကြသည်။

**သီလဝါအထူးစီးပွားရေးဇုန်**

သီလဝါ အထူးစီးပွားရေးဇုန်သည် စီးပွားရေးမြို့တော် ရန်ကုန်မြို့၏ အရှေ့တောင်ဘက်တွင်တည်ရှိပြီး ၂၄ ကီလိုမီတာခန့် ကျယ်ဝန်းသည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် စတင်တည်ဆောက်ခဲ့ပြီး နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ အခြေခံအဆောက်အအုံများကို ဖြည့်တင်းပေးထားသည်။ ပထမဦးဆုံး နိုင်ငံတကာအဆင့်မီ အထူးစီးပွားရေးဇုန် ဖြစ်ပြီး မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်အဖြစ် မြန်မာ၊ ဂျပန် အစိုးရများ၊ မြန်မာနှင့် ဂျပန် ပုဂ္ဂလိကကုမ္ပဏီများက အကျိုးတူ ပူးပေါင်း ဖော်ဆောင်ထားခြင်းဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး သန်လျင်-ကျောက်တန်းတွင် တည်ရှိ၍ ပြည်တွင်းပြည်ပမှ ရထား၊ လေကြောင်း၊ မော်တော်ကား၊ သင်္ဘောစသည်တို့ဖြင့် လာရောက်နိုင်သကဲ့သို့ အာဆီယံအဝေးပြေးလမ်းကွန်ရက် (AHN) နှင့်လည်း ချိတ်ဆက်ထားသည်။ Myanmar International Terminals Thilawa (MITT) ဆိပ်ကမ်းသည်လည်း သီလဝါအထူးစီးပွားရေးဇုန်အနီးတွင်တည်ရှိသည်။ ထို့အတူ သီလဝါမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့လည်း ကီလိုမီတာ ၃၀ ခန့်သာ ကွာဝေးသည်။




သီလဝါဆိပ်ကမ်း၌ တည်ဆောက်ပြီးစီးခဲ့သည့် အထွေထွေကုန်စည်နှင့် ကုန်သေတ္တာ တင်ချဆိပ်ခံတံတားသစ်ကို တွေ့ရစဉ်။

သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ညှိနှိုင်းပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲပေးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုရရှိရေးအတွက် ကူညီဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းရရှိစေရေး အကောင်အထည်ဖော်ပေးခြင်း၊ အခြေခံအဆောက်အအုံများ ဖြည့်တင်းပေးခြင်း၊ ဝန်ဆောင်မှုများပေးအပ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုအခြေအနေများ စောင့်ကြည့်အကဲဖြတ်ပေးခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များ ကြည့်ရှုအကဲဖြတ်ခြင်း စသည့်လုပ်ငန်းများကို တာဝန်ယူထားသည်။

**One Stop Service Center ၌ ဝန်ဆောင်မှုပေး**

သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် မြန်မာနိုင်ငံ အထူးစီးပွားရေးဇုန်ဥပဒေအရ One Stop Service Center (OSSC) ကို တည်ထောင်ခဲ့ပြီး လိုအပ်သော ဝန်ဆောင်မှုများနှင့် ခွင့်ပြုချက်အားလုံးကို တစ်နေရာတည်း ရယူနိုင်ရန် ကုမ္ပဏီမှတ်ပုံတင်ရေး၊ အဆောက်အအုံ ဆောက်လုပ်ရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး (ECPP၊ IEE နှင့် EIA)၊ အခွန်ကိစ္စရပ်များ၊ အလုပ်အကိုင် မှတ်ပုံတင်ခြင်း၊ VISA နှင့်လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ၊ အကောက်ခွန်လုပ်ငန်းများ၊ စက်ရုံလည်ပတ်မှုလိုအပ်ချက် စသည့်သက်ဆိုင်ရာအစိုးရဌာန ၁၂ ခုက ပူးပေါင်းကာ အမြန်ဆုံးသော ဝန်ဆောင်မှုများပေးအပ်လျက်ရှိသည်။

ရင်းနှီးမြှုပ်နှံသူများအတွက် စီးပွားရေးအကျိုးအမြတ်များစွာကို ပေးစွမ်းနိုင်မည့် သီလဝါအထူးစီးပွားရေးဇုန်၌ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ ဗီယက်နမ်၊ ဘရူနိုင်း၊ တရုတ်၊ ယူအေအီး၊ မလေးရှား၊ စင်ကာပူ၊ ဩစတြေးလျ၊ ဒိန်းမတ်၊ နယ်သာလန်၊ ဩစတြီးယား၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ ပနားမား၊ ပြင်သစ် အစရှိသည့်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ထိုင်ဝမ်(တရုတ် တိုင်ပေ)နှင့် ဟောင်ကောင်တို့မှ စီးပွားရေးလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

The commercial and residential ဧရိယာများ၌ လူနေအိမ်များ၊ ကွန်ဒိုများ၊ ရုံးခန်းနှင့် လူနေတိုက်ခန်းများ၊ ဘဏ်များ၊ ဈေးဝယ်စင်တာများ၊ ကျန်းမာရေးစင်တာများ၊ ဟိုတယ်၊ ကျောင်း၊ အပန်းဖြေစင်တာများ၊ စိမ်းလန်းသောနေရာများနှင့် အလုပ်သမားအဆောင်များ တည်ဆောက်ထားသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံသူများနှင့် အလုပ်သမားများသည် သီလဝါအထူးစီးပွားရေးဇုန်အတွင်း၌ လွယ်လင့်တကူ သက်သောင့်သက်သာစွာ နေထိုင်လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။

အခြား စီးပွားရေးဇုန်များထက် အားသာချက်များတွင် Excellent One Stop Service Center၊ ကုန်သွယ်ရေကြောင်းပို့ဆောင်ရေး လွယ်ကူမှု၊ ပြည့်စုံသည့်လူနေမှုဘဝရရှိမှု၊ အောင်မြင်သော စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်နိုင်မှုနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များနှင့် လျော်ညီမှု၊ ထုတ်လုပ်မှုစွမ်းရည် မြင့်မားမှုစသည်တို့ကိုလည်း ခံစားရရှိစေမည်ဖြစ်ပါသည်။ **စာမျက်နှာ ၁၁ သို့** ■




ပဲပိစပ်များတင်ဆောင်လာသည့် YM SUMMIT အမည်ရှိ ပင်လယ်ကူးသင်္ဘောကြီး အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း International Bulk Terminal Tilawa(IBTT)သို့ ဆိုက်ကပ်လာစဉ်။ ဓာတ်ပုံ– စိုးဝင်း

■ စာမျက်နှာ ၁၀ မှ

### ရင်းနှီးမြှုပ်နှံသူများအတွက် အကျိုးကျေးဇူးများ

သီလဝါ အထူးစီးပွားရေးဇုန်အတွင်း ကင်းလွတ်ဇုန်၊ လုပ်ငန်းမြှင့်တင်ရေးဇုန်နှင့် အခြားဇုန်များပါဝင်သည်။ အထူးစီးပွားရေးဇုန်ဥပဒေ (၂၀၁၄) အရ ကင်းလွတ်ဇုန်ကို နိုင်ငံပြင်ပတွင် တည်ရှိသကဲ့သို့ ယူဆရမည်ဖြစ်သည်။ ကင်းလွတ်ဇုန်သည် အဓိကအားဖြင့် ပြည်ပတင်ပို့သည့် ဈေးကွက်ကို အဓိကထားပြီး ယင်းဇုန်တွင် ကုန်ထုတ်လုပ်မှုနယ်မြေ၊ သယ်ယူထောက်ပံ့ရေးလုပ်ငန်းများနေရာနှင့် လက်ကားရောင်းဝယ်ဖောက်ကားသည့် နေရာများပါဝင်သည်။ SEZ အတွင်းမှ ကုန်စည်များနှင့် ဇုန်အတွင်း တင်သွင်းသော ကုန်စည်တို့အတွက် အကောက်ခွန်နှင့် အခြားအခွန်ကင်းလွတ်ခွင့်များ ရရှိနိုင်သည်။ လုပ်ငန်းမြှင့်တင်ရေးဇုန်သည် အဓိကအားဖြင့် ပြည်တွင်းဈေးကွက်နှင့် အထူးစီးပွားရေးဇုန်များအတွင်းရှိ ဈေးကွက်ပေါ်တွင် အခြေခံထားသည်။ အဆိုပါဇုန်၌ ကုန်ထုတ်လုပ်မှု၊ အိမ်ရာများ၊ ကုန်တိုက်များ၊ ဘဏ်လုပ်ငန်းများ၊ အာမခံလုပ်ငန်းများ၊ ကျောင်းများ၊ ဆေးရုံများနှင့် အပန်းဖြေနားနေရာများ ကဲ့သို့သော လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်သည်။ လုပ်ငန်းမြှင့်တင်ရေးဇုန်များတွင် ပထမ ငါးနှစ်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ငါးနှစ်ကျော်လွန်ပြီးနောက် ငါးနှစ်အတွက် တည်ဆဲဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်နှုန်းထား၏ ၅၀ ရာခိုင်နှုန်း သက်သာခွင့်ရရှိပြီး ၁၀ နှစ်ကျော်လွန်ပြီးနောက် နောက်ထပ် ငါးနှစ်အတွက် သီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်း လုပ်ငန်းတွင် ပြန်လည်ရင်းနှီးမြှုပ်နှံပါက ထိုအမြတ်အစွန်းအပေါ် တည်ဆဲဥပဒေအရ သတ်မှတ်ထားသည့် ဝင်ငွေခွန်နှုန်းထား၏ ၅၀ ရာခိုင်နှုန်း သက်သာမည်ဖြစ်သည်။

ပထမ ငါးနှစ်၌ ထုတ်လုပ်ရေးအတွက် အသုံးပြုသည့် စက်ပစ္စည်းကိရိယာများနှင့် အရန်ပစ္စည်းများ၊ စက်ရုံ၊ သိုလှောင်ရုံ၊ ကိုယ်ပိုင်ရုံးခန်းတို့ တည်ဆောက်ရန် ဆောက်လုပ်ရေးပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် အကောက်ခွန်နှင့် အခြားအခွန်အခများ ကင်းလွတ်သည်။ ထိုအရင်းအမြစ်တို့အတွက် နောင် ငါးနှစ်အတွင်း အကောက်ခွန်နှင့် အခြားအခွန်စည်းကြပ်ခြင်းများမှ ၅၀ ရာခိုင်နှုန်း သက်သာမည်ဖြစ်သည်။ ထိုတင်သွင်းသော ပစ္စည်းများဖြင့် ထုတ်လုပ်ထားသော ကုန်ချောပစ္စည်းများကို ပြည်ပသို့ဖြစ်စေ၊ ကင်းလွတ်ဇုန်အတွင်းသို့ဖြစ်စေ တင်ပို့ပါက ပစ္စည်းများတင်သွင်းသည့်အချိန်က ပေးဆောင်ခဲ့ရသည့်အကောက်ခွန်နှင့် အခြားအခွန်အခများကို ပြန်လည်ထုတ်ပေးရန် လျှောက်ထားနိုင်သည်။ အထူးစီးပွားရေးဇုန်ဥပဒေတွင် ကုန်သွယ်ခွန်နှင့် တန်ဖိုးဖြည့်အခွန်တို့အား ၎င်းအခွန်များသက်သာခွင့်ပေးသည့် ကာလအတွင်း ကင်းလွတ်ခွင့်ခံစားနိုင်ကြောင်း သိရှိရသည်။

ကင်းလွတ်ဇုန်များတွင် ရင်းနှီးမြှုပ်နှံပါက အနည်းဆုံးပမာဏ USD 750000 နှင့်အထက် ရင်းနှီးမြှုပ်နှံနိုင်ပြီး ပထမ ခုနစ်နှစ်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့် ကျော်လွန်ပြီးနောက် နောက်ထပ် ငါးနှစ်အတွက် တည်ဆဲဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်နှုန်းထား၏ ၅၀ ရာခိုင်နှုန်း သက်သာခွင့်ရမည်ဖြစ်သည်။ ၁၂ နှစ်ကျော်လွန်ပြီးနောက် ငါးနှစ်အတွက် သီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်း ယင်းလုပ်ငန်းတွင် ပြန်လည်ရင်းနှီးမြှုပ်နှံပါက ထိုမြတ်စွန်းငွေအပေါ် တည်ဆဲဥပဒေအရ သတ်မှတ်ထားသည့် ဝင်ငွေခွန်နှုန်းထား၏ ၅၀ ရာခိုင်နှုန်း သက်သာခွင့်ရရှိမည်ဖြစ်သည်။

ကုန်သွယ်ခွန်နှင့် တန်ဖိုးဖြည့် အခွန်ကင်းလွတ်ခွင့်ရရှိကာ ထုတ်လုပ်ရေးအတွက် ကုန်ကြမ်းများ၊ စက်ပစ္စည်းကိရိယာများနှင့် အရန်ပစ္စည်းများ၊ စက်ရုံများ၊ သိုလှောင်ရုံများနှင့် ကိုယ်ပိုင်ရုံးခန်းများကဲ့သို့သော အဆောက်အအုံများ တည်ဆောက်ရန် ဆောက်လုပ်ရေးပစ္စည်းနှင့် မော်တော်ယာဉ်များ တင်သွင်းရာတွင် အကောက်ခွန်နှင့် အခြားအခွန်အခများ ကင်းလွတ်မည်ဖြစ်ပြီး အခြားအခွန်ကင်းလွတ်ခွင့် များစွာကိုလည်း ရရှိမည်ဖြစ်သည်။

### တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် စီးပွားရေးဇုန်

သီလဝါ အထူးစီးပွားရေးဇုန်သည် ကုန်ထုတ်ဇုန်အတွက်သာမက စီမံကိန်းများ အောင်မြင်ရန်နှင့် ရေရှည်လုပ်ငန်းဆောင်တာများ အောင်မြင်ရန်အတွက် ဒေသခံပြည်သူများနှင့် အဆင်ပြေမှုရရှိရန်လည်း ကြိုးပမ်းလျက်ရှိပါသည်။ ဒေသခံများ၏စိုးရိမ်ပူပန်မှုများကို အချိန်နှင့်တစ်ပြေးညီ သိရှိနားလည်ပြီး တုံ့ပြန်ပေးနိုင်ရန်အတွက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ (TSMC) နှင့် MJTD တို့သည် နိုင်ငံတကာစံချိန်မီ သီလဝါတိုင်ကြားစာ စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်း (TCMP) ကို ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထိခိုက်နစ်နာသူတစ်ဦးချင်းစီနှင့် ရပ်ရွာလူထုက ဝင်ရောက်ကြည့်ရှုနိုင်ပြီး TSEZ ၏ လုပ်ငန်းဆောင်တာများနှင့် ပတ်သက်သည့် မေးခွန်းများ သို့မဟုတ် စိုးရိမ်ပူပန်မှုများကို ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

### ရင်းနှီးမြှုပ်နှံမှုကိန်းဂဏန်းများ

သီလဝါ အထူးစီးပွားရေးဇုန်၌ လက်ရှိတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၇၂ ဘီလီယံရှိပြီး နိုင်ငံဒေသပေါင်း ၂၀မှ လာရောက်လုပ်ငန်းလုပ်ကိုင်လျက်ရှိသည်။ ကဏ္ဍအလိုက်ရင်းနှီးမြှုပ်နှံမှု အရေအတွက်မှာ ၁၂၂ ခု ခန့်ရှိကြောင်း ၂၀၂၂ ခုနှစ် ဧပြီလ စာရင်းများအရ သိရှိရသည်။ ထိုနေရာများတွင် စက်ရုံအလုပ်သမားဦးရေ ၁၂၆၀၀၊ ဆောက်လုပ်ရေးအလုပ်သမား ၂၅၀၀၀ ဝန်းကျင်တို့ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိထားကြသည်။

ဇုန်အလိုက် ရင်းနှီးမြှုပ်နှံမှုများတွင် စက်မှုဇုန်ဇရိယာအတွင်းရှိ လုပ်ငန်းမြှင့်တင်ရေးဇုန်၌ လုပ်ငန်း ၇၂ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ကန်ဒေါ်လာ ၁၆၂၉ ဒသမ ၉၆၉ သန်း၊ ကင်းလွတ်ဇုန်၌ လုပ်ငန်း ၄၆ ခု ရင်းနှီးမြှုပ်နှံမှုပမာဏ ကန်ဒေါ်လာ ၄၉၆ ဒသမ ၈၃၃ သန်းရှိခဲ့ပြီး ဆောင်ရွက်ဆဲလုပ်ငန်း ၁၁၆ ခုခန့်ရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ကန်ဒေါ်လာ ၂၁၁၂ ဒသမ ၉၀၂ သန်းခန့်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ စာရင်းဇယားများအရ သိရှိရသည်။

မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်လျက်ရှိပြီး အသေးစိတ်အချက်အလက်များကို မြန်မာသီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အခန်းအမှတ် ၁၀၀ မြေညီထပ် စီမံရေးရာဌာန ဒဂုံ–သီလဝါလမ်း ကျောက်တန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးသို့လည်းကောင်း၊ ဖုန်းနံပါတ် +95 (1) 230 9081၊ +95(1)2309084 သို့လည်းကောင်း၊ www.thilawasez.gov.mm, www.myanmarthilawa.gov.mm တို့ကိုလည်းကောင်း ဆက်သွယ်စုံစမ်း၍ မေးမြန်းနိုင်ပြီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

“သီလဝါအထူးစီးပွားရေးဇုန်အတွင်း ကင်းလွတ်ဇုန်၊ လုပ်ငန်းမြှင့်တင်ရေးဇုန်နှင့် အခြားဇုန်များ ပါဝင်သည်။ ကင်းလွတ်ဇုန်သည် အဓိကအားဖြင့် ပြည်ပတင်ပို့သည့် ဈေးကွက်ကို အဓိကထားပြီး ယင်းဇုန်တွင် ကုန်ထုတ်လုပ်မှုနယ်မြေ၊ သယ်ယူထောက်ပံ့ရေးလုပ်ငန်းများနေရာနှင့် လက်ကားရောင်းဝယ်ဖောက်ကားသည့် နေရာများပါဝင်သည်။ SEZ အတွင်းမှ ကုန်စည်များနှင့် ဇုန်အတွင်း တင်သွင်းသော ကုန်စည်တို့အတွက် အကောက်ခွန်နှင့် အခြားအခွန်ကင်းလွတ်ခွင့်များ ရရှိနိုင်သည်။ လုပ်ငန်းမြှင့်တင်ရေးဇုန်သည် အဓိကအားဖြင့် ပြည်တွင်းဈေးကွက်နှင့် အထူးစီးပွားရေးဇုန်များအတွင်းရှိ ဈေးကွက်ပေါ်တွင် အခြေခံထားသည်။ အဆိုပါဇုန်၌ ကုန်ထုတ်လုပ်မှု၊ အိမ်ရာများ၊ ကုန်တိုက်များ၊ ဘဏ်လုပ်ငန်းများ၊ အာမခံလုပ်ငန်းများ၊ ကျောင်းများ၊ ဆေးရုံများနှင့် အပန်းဖြေနားနေရာများ ကဲ့သို့သော လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်”

## မာန်အောင်မြို့နယ်သမဝါယမအသင်းစု၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနား ကျင်းပ

**မာန်အောင် ဇူလိုင် ၁၄**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်သမဝါယမအသင်းစု၏ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို ယနေ့တွင် မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အဆင့်ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်သမဝါယမအသင်းစုချုပ်မှ အုပ်ချုပ်မှုဒါရိုက်တာနှင့် မြို့နယ်အဆင့်ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်၏ ဘဏ္ဍာရေးအစီရင်ခံစာကို အတွင်းရေးမှူး ဦးထွန်းစိန်က လည်းကောင်း၊ အသင်းသားစာရင်းစစ် အစီရင်ခံစာကို ဦးကျော်ရင်ဦးက လည်းကောင်း ဖတ်ကြားသည်။ ယင်းအစီရင်ခံစာများနှင့် ရှေ့လုပ်ငန်းစဉ်များကို တက်ရောက်လာကြသော ကိုယ်စားလှယ်များ၏ အတည်ပြုချက်ရယူပြီး ဆုံးဖြတ်ချက်ရယူကာ သက်တမ်းပြည့်ပြီးဖြစ်သော အသင်းအမှုဆောင်ဒါရိုက်တာအဖွဲ့က နုတ်ထွက်ကြသည်။

ဆက်လက်၍ အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားတွင် သဘာပတိအဖြစ် ပြည်နယ်အဆင့်ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌက ဆောင်ရွက်ပြီး ပြည်နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် ကျင်းပရာ သဘာပတိက အမှုဆောင်အဖွဲ့ရွေးချယ်ခြင်းကို ရှင်းလင်းပြီး အမှုဆောင်အဖွဲ့ကို အဆိုပြုခြင်း၊ ထောက်ခံခြင်းများဖြင့် ရွေးချယ်ဆောင်ရွက်ကြသည်။ အမှုဆောင်အဖွဲ့သစ်များသည် ပြည်နယ်အဆင့်ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ရှေ့မှောက်တွင် ကတိသစ္စာခံယူပြီးနောက် ဥက္ကဋ္ဌသစ်က နှုတ်ခွန်းဆက်အမှာစကားပြောကြားကြောင်း သိရသည်။



**သတင်းစဉ်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၅၂၀၇ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် -၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၄-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၂၀၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၄၂,၄၀၅) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၇၈၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၇၀၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ **www.moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၁၄-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၉) ခု | (၃) ဦး |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၄၇) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၄၅) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၈၇) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၈၅၉) ခု | (၆) ဦး |
| **စုစုပေါင်း** | **(၅,၂၀၇) ခု** | **(၁၁) ဦး** |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၀၉၀၉၇၆၀ | ၈၆၂၅၀၃၂၅ | ၁၀၄၇၇၉၄ |
| ၂။ | အိန္ဒိယ | ၄၃၆၈၉၉၈၉ | ၄၃၀၂၈၃၅၆ | ၅၂၅၅၅၇ |
| ၃။ | ဘရာဇီး | ၃၃၀၇၆၇၇၉ | ၃၁၄၁၄၉၃၇ | ၆၇၄၅၅၄ |
| ၄။ | ပြင်သစ် | ၃၂၆၇၆၅၈၉ | ၃၀၂၈၄၀၃၇ | ၁၅၀၄၁၄ |
| ၅။ | ဂျာမနီ | ၂၉၄၆၀၂၄၉ | ၂၇၅၄၈၉၀၀ | ၁၄၂၂၈၄ |
| ၆။ | ဗြိတိန် | ၂၂၈၈၃၉၉၅ | ၂၂၃၀၈၄၄၂ | ၁၈၀၇၁၈ |
| ၇။ | အီတလီ | ၁၉၇၇၈၉၁၁ | ၁၈၂၁၇၅၂၅ | ၁၆၉၄၉၆ |
| ၈။ | တောင်ကိုရီးယား | ၁၈၆၄၁၂၇၈ | ၁၈၃၀၁၃၃၉ | ၂၄၆၉၆ |
| ၉။ | ရုရှား | ၁၈၄၇၆၄၇၇ | ၁၇၉၀၀၅၁၈ | ၃၈၁၇၅၄ |
| ၁၀။ | တူကီယဲ | ၁၅၁၈၀၄၄၄ | ၁၅၀၃၅၇၂၇ | ၉၉၀၅၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၅၈၁၈၉ | ၉၇၉၃၈၀၀ | ၄၃၀၉၀ |
| ၂။ | အင်ဒိုနီးရှား | ၆၁၂၃၇၅၃ | ၅၉၄၂၄၃၆ | ၁၅၆၈၂၇ |
| ၃။ | မလေးရှား | ၄၆၀၄၆၇၀ | ၄၅၃၁၉၄၈ | ၃၅၈၂၈ |
| ၄။ | ထိုင်း | ၄၅၅၃၁၈၁ | ၄၄၉၈၀၅၅ | ၃၀၉၃၈ |
| ၅။ | ဖိလစ်ပိုင် | ၃၇၂၅၃၈၂ | ၃၆၄၈၄၉၇ | ၆၀၆၄၁ |
| ၆။ | စင်ကာပူ | ၁၅၅၇၆၄၈ | ၁၄၄၇၄၆၂ | ၁၄၄၀ |
| ၇။ | မြန်မာ | ၆၁၃၇၈၄ | ၅၉၂၇၀၀ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၄၃၃ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၇၉၇၅၉ | ၁၆၄၁၁၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၄၀၇ | ၁၃၃၂၆၇ | ၃၀၅၆ |

## ကဝမြို့နယ်၌ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာလုပ်ရှားမှု ရက်သတ္တပတ်ဆောင်ရွက်

ကဝ ဇူလိုင် ၁၄

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက တိရစ္ဆာန်များတွင် ရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှုကို ဇူလိုင် ၁၁ ရက်မှ ၁၇ ရက်အထိ ရက်သတ္တပတ်အဖြစ်သတ်မှတ်၍ ယနေ့ နံနက်ပိုင်းက ကြာတောကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလှုပ်ရှားမှု ဆောင်ရွက်ရာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်ဇာနည်အောင်က တိရစ္ဆာန်များတွင် ဖြစ်လေ့ဖြစ်ထရှိသော ခွာနာလျှာနာရောဂါ၊ အရေပြားအကျိတ်နာရောဂါ၊ အာဖရိကဝက်အပြင်းဖျားရောဂါ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ အသိပညာပေးပိုစတာ စိုက်ထူခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများနှင့် တိရစ္ဆာန်ကျန်းမာရေးလုပ်သားများဖြင့် ဖွဲ့စည်းထားသော အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ ဖွဲ့စည်းထားပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ဂျပန်နိုင်ငံ၌ ငါးနှစ်အောက်ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံရေးအတွက် Pfizer ဆေးဝါးကုမ္ပဏီက အတည်ပြုခွင့်လျှောက်ထား

တိုကျို ဇူလိုင် ၁၄

အမေရိကန်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ Pfizer က ဂျပန်နိုင်ငံရှိ အသက်ငါးနှစ်အောက် ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးအတွက် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုရန် သုံးစွဲခွင့်အတည်ပြုလျှောက်ထားကြောင်း သိရသည်။

Pfizer ဆေးဝါးကုမ္ပဏီက အသက်ခြောက်လမှ ငါးနှစ်အရွယ်ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံရန် သုံးစွဲခွင့်လျှောက်ထားခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါဆေးဝါးလျှောက်ထားခွင့်ကို ဂျပန်ဆေးဘက်ဆိုင်ရာအာဏာပိုင်များက အတည်ပြုခွင့်ပေးမည်ဆိုပါက Pfizer ကာကွယ်ဆေးသည် ဂျပန်နိုင်ငံ၏ အဆိုပါကလေးငယ်အုပ်စုအတွက် ပထမဆုံးသော ကာကွယ်ဆေးဖြစ်လာမည်ဖြစ်သည်။ လက်ရှိတွင် Pfizer ကာကွယ်ဆေးကို အသက် ငါးနှစ်နှင့်အထက်ပြည်သူများအတွက် သုံးစွဲလျက်ရှိသည်။

ငါးနှစ်အောက်ကလေးငယ်များသည် ကာကွယ်ဆေးသုံးကြိမ်ထိုးနှံရမည်ဖြစ်ပြီး တစ်ကြိမ်လျှင် အရွယ်ရောက်ပြီးသူများအတွက် သတ်မှတ်ထားသည့် ကာကွယ်ဆေးပမာဏ၏ ၁၀ ရာခိုင်နှုန်းသာ ထိုးနှံမှုခံယူရမည်ဖြစ်သည်။

ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၏ ကလေးငယ်များအတွက် ထိရောက်မှုရှိမှုနှင့် ဘေးကင်းလုံခြုံမှုတို့ကို စစ်ဆေးလျက်ရှိသည်။

ဂျပန်နိုင်ငံအတွင်း သုံးစွဲခွင့်အတည်ပြုထားသည့်ကာကွယ်ဆေးများအနက် Moderna ကာကွယ်ဆေးသည် အသက် ၁၂ နှစ်နှင့်အထက်ပြည်သူများအား ထိုးနှံရာတွင် အသုံးပြုလျက်ရှိကြောင်း သိရသည်။ ထို့ပြင် အသက် ၄၀ နှင့်အထက်ပြည်သူများအတွက် AstraZeneca ကာကွယ်ဆေးကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

အမေရိကန်စားနပ်ရိက္ခာနှင့်ဆေးဝါးကွပ်ကဲရေးအဖွဲ့က ခြောက်လမှ လေးနှစ်အရွယ်အထိ ကလေးငယ်များအား Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ခြောက်လမှ ငါးနှစ်အရွယ်အထိ ကလေးငယ်များကို Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို လွန်ခဲ့သောလက အရေးပေါ်သုံးစွဲခွင့် အတည်ပြုပေးခဲ့သည်။




**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# လာအိုနိုင်ငံရှိ လူဦးရေ ၇၀ ရာခိုင်နှုန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီး

ဗီယင်ကျန်း ဇူလိုင် ၁၄

လာအိုနိုင်ငံရှိ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

လူဦးရေ ၅၁၇၂၄၀၈ ဦး (နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်း) သည် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီး ဖြစ်ပြီး လူဦးရေ ၅၈၅၆၁၅၃ ဦး (နိုင်ငံလူဦးရေ၏ ၇၉ ရာခိုင်နှုန်း)သည် ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှုခံယူပြီး ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ကျန်းမာရေးဆိုင်ရာ သတင်းနှင့်ပညာပေးရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည့်အတွက် လွန်ခဲ့သောလအနည်းငယ်အတွင်း ရောဂါကူးစက်ခံရသူအရေအတွက်နှင့် သေဆုံးသူအရေအတွက် လျော့ကျလာခဲ့သည်။

ထို့ပြင် ပြည်သူ ၂၀ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ကလေးငယ်များ၏ ရောဂါကူးစက်မှုနှုန်း မြင့်တက်လျက်ရှိသည့်အတွက် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

လာအိုအစိုးရက ၂၀၂၂ ခုနှစ်အဆုံးပိုင်းမတိုင်မီ နိုင်ငံလူဦးရေ၏ ၈၀ ရာခိုင်နှုန်းအား ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ထားကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# ပြင်သစ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၇၆၄၂ ဦးထပ်မံတွေ့ရှိ

ပါရီ ဇူလိုင် ၁၄

ပြင်သစ်နိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၇၆၄၂ ဦး ထပ်မံတွေ့ရှိရကြောင်း သိရသည်။ နိုင်ငံအတွင်း အိုမီခရွန်ဗီဇပြောင်းမျိုးကွဲ BA.4 BA.5 ကူးစက်မှုများ မြင့်တက်လာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုလှိုင်း ထပ်မံဖြစ်ပွားလာနိုင်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက သတိပေး ပြောကြားသည်။

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၅၈၀ မှာ ဆေးရုံတက်ရောက်ကုသနေပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၅၀၀၀၀ ရှိကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ အသက် ၆၀ နှင့်အထက်ရှိသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်အပိုဆောင်းထိုးနှံပေးခြင်းကို ထပ်မံဆောင်ရွက်မည်ဖြစ်ကြောင်း ပြင်သစ်အမျိုးသားကျန်းမာရေးတာဝန်ရှိသူများကပြောကြားသည်။

နိုင်ငံအတွင်း အများပြည်သူဆိုင်ရာသယ်ယူပို့ဆောင်ရေးယာဉ်များတွင် နှာခေါင်းစည်းများ ဝတ်ဆင်ရန် ညွှန်ကြားထားသည်။ နိုင်ငံလူဦးရေ၏ ၇၉ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးစီးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပိုဆောင်း ထိုးနှံပြီးစီးသူဦးရေမှာ ၅၉ ဒသမ ၄ ရာခိုင်နှုန်းရှိသည်။ နိုင်ငံအတွင်း ကိုဗစ် ၁၉ ရောဂါကာကွယ်ဆေးဒုတိယအကြိမ်အပိုဆောင်း ထိုးနှံခြင်းကို ဧပြီ ၇ ရက်မှစတင်၍ဆောင်ရွက်ခဲ့သည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၉၀၆ ဦး ထပ်မံတွေ့ရှိ

နယူးဒေလီ ဇူလိုင် ၁၄

အိန္ဒိယနိုင်ငံ၌ ပြီးခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၉၀၆ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၃၆၆၉၈၅၀ ရှိလာကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။



နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၄၅ ဦးထပ်မံတွေ့ရှိရပြီး ရောဂါပိုးတွေ့ရှိဆဲလူနာ ၁၃၂၄၅၇ ဦး ရှိလာကြောင်း သိရသည်။ နိုင်ငံအတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများပြားလာခြင်းမှာ အိုမီခရွန်ဗီဇပြောင်း BA.2.75 ကူးစက်မှုများကြောင့်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားသူ တစ်သိန်းကျော်ရှိလာ

ဟနွိုင်း ဇူလိုင် ၁၄

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၀၃၀၀၀ ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်းရှိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုများပြားသော ဒေသအသီးသီးမှ တာဝန်ရှိသူများအား ခြင်နှိမ်နင်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန် ညွှန်ကြားထားပြီး ခရိုင်အဆင့်ရှိ ဆေးရုံများအား သွေးလွန်တုပ်ကွေးရောဂါကုသရေးဆိုင်ရာ အရင်းအမြစ်များကို စုဆောင်းထားရန် ညွှန်ကြားထားသည်။

ယခုနှစ် ပထမခြောက်လအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၈၉၁၂၀ ရှိပြီး အဆိုပါအရေအတွက်သည် ယမန်နှစ်အလားတူ ကာလကထက် ၁ ဒသမ ၅ ဆပိုမိုများပြားကြောင်း သိရသည်။ နိုင်ငံတောင်ပိုင်းရှိ ဟိုချီမင်းမြို့သည် ရောဂါကူးစက်မှုဗဟိုချက်ဖြစ်ပြီး ယခုနှစ်ပထမခြောက်လအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၂၅၀၀၀ နှင့် အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၂ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ကျိုင်းတုံမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၃၇ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၅၉ ကီလိုနှင့် ဘိန်းဖြူ ၇ ကီလို သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၃၇ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၅၉ ကီလိုနှင့် ဘိန်းဖြူဘလောက်တုံး ၂၀(အလေးချိန် ခုနစ်ကီလို) သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သိမ်းဆည်းရမိ**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် နောင်နွန်း ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ကျိုင်းတုံမှ တာချီလိတ်သို့ သန်းနိုင် မောင်းနှင်လာသည့် DONG FENG ခြောက်ဘီးယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလ တန်ဖိုးငွေကျပ် ၁ ဒသမ ၃၇ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၅၉ ကီလို၊ ဘိန်းဖြူဘလောက်တုံး ၂၀(အလေးချိန် ခုနစ်ကီလို)တို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်မှ တာချီလိတ်မြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



သန်းနိုင်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

■

# စစ်တွေ၊ တာချီလိတ်နှင့် မိုင်းဆတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၄

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၃ ရက် ညနေ ၆ နာရီခွဲတွင် စစ်တွေမြို့ ဆင်ကူးလမ်းရပ်ကွက် ဆေးရုံလမ်းသွယ်(၂)နေ မအေးသိန်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက် ရှမ်းကွင်းလမ်းတွင် အောင်မိုး(ခ) အောင်မြထက် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ ည ၉ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မယ်ပုလုံကျေးရွာအုပ်စု ပါဘောကျေးရွာအနီး မိုင်းဆတ်-တာချီလိတ် သွားကားလမ်းတွင် ပေါက်ကယ် မောင်းနှင်ပြီး မနာရှီးတိ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# တရားမဝင် သစ်မျိုးစုံ၊ အမိုနီယမ်နိုက်ထရိတ်၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၄

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၈ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးအဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ် သုံးစီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၄၈၂၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ISUZU အမျိုးအစား ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၀၀၀၀၀၀)၊ Nissan Condor အမျိုးအစား ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀)နှင့် Hino Ranger အမျိုးအစား ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၄၈၂၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ် လားရှိုးမြို့နယ်၌ သိမ်းဆည်းရမိမှု။

ထို့အတူ ဇူလိုင် ၁၂ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဌာနဆိုင်ရာ ပူးပေါင်းစစ်ရေးအဖွဲ့က မိုးညှင်းမြို့နယ် နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့မှ မိုးညှင်းမြို့သို့ မောင်းနှင်လာသော ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီးပေါ်၌ ထိန်းချုပ်ဓာတုပစ္စည်းများဖြစ်သည့် အမိုနီယမ်နိုက်ထရိတ် ၁၇၆၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းတုန်းမြို့နယ်၊ ကံမမြို့နယ်နှင့် နတ်မောက်မြို့နယ်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၉ ဒသမ ၁၇၄၈ တန်(ခန့်မှန်းတန်ဖိုးငွေ ၃၇၈၅၃၆၄ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၁၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း တရားမဝင် ကျွန်းသစ်ခွဲသား ၁ ဒသမ ၄၉၈၆ တန်(ခန့်မှန်းတန်ဖိုးငွေ ၉၈၉၀၇၆ ကျပ်) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော မီးဖိုချောင်သုံး ဂက်(စ်)မီးဖို အလုံး ၁၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၈ ရက်၊ ၁၂ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၀၁၆၉၄၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၇-၂၀၂၂ သောကြာနေ့

**MRTV HD**

- ၀၆:၀၀ ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ စစ်ပီးငြိမ်းချိန်တန်ပါပြီ
- ၀၉:၁၀ မျက်မှောက်ရေးရာအဖြာဖြာ
- ၀၉:၄၀ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ အသွင်ဆန်းပြားဟိုကျင်းရွာမှ အာခါလူမျိုးများ (CBT)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်'** (အပိုင်း-၂၀)
- ၁၆:၃၅ လူငယ်ရေးရာအစီအစဉ်
- ၁၇:၁၅ ASEAN Information Exchange Initiative Program (Part-3)
- ၁၇:၃၀ Weekly Sports Info
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ သုတစကားပြောသီရိဂေဟာ
- ၁၉:၁၀ သံစဉ်စကားပြောစတီရီယိုတေးကမ္ဘာ
- ၁၉:၄၀ ရုပ်မြင်သံကြားဇာတ်လမ်း **'အဆိပ်ချိုချို'**
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ **'သီချင်းနိုင်ငံယာရီ (၂)'** မြန်မာပြည်သိန်းတန် တေးသီချင်းများဖျော်ဖြေပွဲ ထုတ်လွှင့်မှု

**mitv**

- 07:02 Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
- 07:12 Ocularist
- 07:31 The History Of Mrauk U Pagoda
- 07:47 Weaving Craft for a living
- 08:01 The Strokes of Myanmar
- 08:28 Bridge On The River Tapam
- 08:50 Myanmar Masterclass: Artist Maung Aye
- 09:01 News
- 09:26 Global Partnership for Brighter Future: Benin Pavilion at Expo 2020 Dubai
- 09:35 The Art of Sand Painting
- 09:44 Myanmar Invites You
- 10:01 Thin Byu Mat

**MRTV NRC**

- **အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** အတွေးအမြင်စုံစွာကျွန်တော်တို့လက်ရာ(ညီတူညီမျှ)
- **အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ
- **ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)** သွေးလွန်တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ
- **ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** တောင်ယာတဲဆောက်ခြင်းနှင့်ပေါင်းမြက်ရှင်းခြင်း
- **မွန် (၁၀:၀၀ မှ ၁၂:၀၀)** ဈေးကွက်ဝင်ငရုတ်ပင်စိုက်ပျိုးနည်း
- **ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** လက်ဝဲသလုံးတော်ဓာတ်စေတီအကြောင်း
- **ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** ရွှေကြိုင်မြို့တော်
- **ဝ (၁၆:၀၀ မှ ၁၈:၀၀)** ဝဘာသာစကားပြောကြရအောင်(အပိုင်း-၁)
- **ကချင် (၁၈:၀၀ မှ ၂၀:၀၀)** အာလူးထောင်းကြော်
- **ကယား (၂၀:၀၀ မှ ၂၂:၀၀)** မန်ကျည်းပင်တစ်ပင်ရဲ့အကျိုးကျေးဇူး
- **ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)** ရသေ့ပျံဂူသို့အလည်တစ်ခေါက်

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၂၀ ASEAN Information Exchange Initiative 2022 (Part-6)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'တစ်လင်နှင့်တစ်မယား'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
- ၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၃)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၅ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအတွက် အရေးပါလှသည့်မိန်းမလှကျွန်း
- ၀၆:၄၅ ဆင်သေချောင်းနံဘေးကတောင်သူဘဝ
- ၀၇:၁၅ သစ်ပင်စိုက်ပါတို့ကမ္ဘာသာယာလှပစိမ်းမြမြ
- ၀၈:၀၀ ကျေးလက်ကွန်ရက်
- ၀၉:၀၀ ခံတက်ချဉ်စိုက်ကွင်းသို့အလည်တစ်ခေါက်
- ၀၉:၅၀ ဝါမျိုးစေ့သန့်စင်ဆေးဆိုးခြင်းအကြောင်း သိကောင်းစရာ

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

SCAN ME

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ထပ်ဆင့်အကယ်ဒမီ စန္ဒရား ဦးတင်ဝင်းလှိုင် ကွယ်လွန်



ထပ်ဆင့် အကယ်ဒမီစန္ဒရား ဦးတင်ဝင်းလှိုင်သည် ဇူလိုင် ၁၄ ရက် (ကြာသပတေးနေ့) နံနက် ၁ နာရီ မိနစ် ၂၀ တွင် ကွယ်လွန်ခဲ့သည်။ ရန်ကုန်မြို့ရှိ အာရှတော်ဝင်ဆေးရုံကြီး၌ အဆုတ်နှင့် ကျောက်ကပ်ဝေဒနာကို ဆေးကုသမှုခံယူနေရာမှ ကွယ်လွန်ခဲ့ခြင်းဖြစ်ပြီး ဆရာကြီး ကွယ်လွန်ချိန်တွင် အသက် ၇၆ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

"ဘဘရေ နောက်ဘဝဆိုတာရှိခဲ့ရင် ဘဘ သိပ်ချစ်တဲ့ တူတော်မောင်အဖြစ်ပဲ ဆက်ရှိနေပါရစေ" ဟု အကယ်ဒမီစန္ဒရား တင်ဝင်းလှိုင်၏ တူတော်စပ်သူ အဆိုတော်အောင်အေးချစ်က လူမှုကွန်ရက်စာမျက်နှာတွင် ဝမ်းနည်းကြောင်း ရေးသားထားသည်။

စန္ဒရားတင်ဝင်းလှိုင်သည် အသက် ၇၀ အရွယ်ဖြစ်သည့် ၂၀၁၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် 'ကြယ်စင်မော်ကွန်း' ဇာတ်ကားဖြင့် ပထမအကြိမ် အကောင်းဆုံးနောက်ခံတေးဂီတဆုရရှိခဲ့ပြီး ၂၀၁၇ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် 'ကွမ်းလုံးရက် ၄၀' ဇာတ်ကားဖြင့် ဒုတိယအကြိမ် အကောင်းဆုံး နောက်ခံတေးဂီတဆုရရှိခဲ့သူဖြစ်သည်။

ဆရာကြီးကို ရန်ကုန်မြို့ ယခင် ဒါလဟိုဇီလမ်း (ယခု မဟာဗန္ဓုလလမ်း) အမှတ်(၆၁၈)တွင် ဖွင့်လှစ်ခဲ့သည့် ပဒေသာဓာတ်ပြားတိုက်နှင့် အပ်ချုပ်စက်ကုမ္ပဏီပိုင်ရှင် ဦးမျိုးလှိုင်နှင့် ဒေါ်တင်တင်လှိုင်တို့က ၁၉၄၆ ခုနှစ်တွင် ကြည့်မြင်တိုင် ဝါးတန်းရပ်၌ မွေးဖွားခဲ့ပြီး မွေးချင်းသုံးဦးအနက် ဒုတိယသားဖြစ်သည်။

"အဲဒီခေတ်အခါက မြန်မာပြည်မှာ ပဒေသာထက်စောတဲ့ နိုင်ငံခြားသားပိုင် ဓာတ်ပြားကုမ္ပဏီတွေရှိပေမယ့် ပဒေသာဓာတ်ပြားတိုက်ဟာ မြန်မာလူမျိုးစစ်စစ်ပိုင်တဲ့ကုမ္ပဏီဖြစ်တယ်" ဟု ၂၀၁၇ ခုနှစ်က မြန်မာတိုင်းမ်နှင့် တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် ဆရာကြီးက ဂုဏ်ယူဝင့်ကြွားစွာဖြင့်ပြောကြားခဲ့ဖူးသည်။

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တွင် ၁၉၆၇ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ပညာသင်ကြားခဲ့ပြီး မြန်မာစာအဓိက ဖြင့် မဟာဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ဆရာကြီးသည် စိန့်ပေါကျောင်းသားဟောင်းတစ်ဦးဖြစ်ကြောင်းလည်း သိရသည်။

ဆရာကြီးသည် တေးသံရှင်ကြည်ကြည်ဝင်းနှင့် လက်ထပ်ခဲ့ပြီး သမီးနှစ်ဦးထွန်းကားခဲ့သည်။ ဆရာကြီးသည် မြန်မာ့အသံတွင် ခေတ်ဟောင်း/ခေတ်ပေါ် တေးဂီတစိစစ်ရေးအဖွဲ့ဝင်၊ ရန်ကုန်ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တွင် ပညာရေးအဖွဲ့ဝင်၊ ဂီတပညာဌာန ဘွဲ့လွန်ဒီပလိုမာတစ်နှစ်သင်တန်းတွင် အချိန်ပိုင်းဧည့်ပါမောက္ခ တာဝန်များကို ထမ်းဆောင်ခဲ့သူဖြစ်သည်။

စန္ဒရား ဦးတင်ဝင်းလှိုင်သည် အသက် ငါးနှစ်အရွယ်တွင် ပဒေသာမိသားစုနေအိမ်ရှိရာ ၄၂ လမ်းရှိ တိုက်ခန်းတွင် စန္ဒရားအတတ်ပညာကို စတင်သင်ကြားခဲ့သည်။ စတင်သင်ကြားပေးခဲ့သူမှာ နောင်တစ်ချိန်တွင် စန္ဒရားချစ်ဆွေဟု စန္ဒရားအကျော်အမော်ပညာရှင်ဖြစ်လာမည့် မောင်ချစ်ဆွေဖြစ်ကြောင်း သိရသည်။

ဆရာကြီးသည် အသက်ငါးနှစ်အရွယ်တွင် စန္ဒရားပညာသင်ကြားပြီး ၁၃ နှစ်အရွယ်တွင် ပြိုင်ပွဲများဝင်ပြိုင်ရာ စန္ဒရားအတီးထူးချွန်သည့်အတွက် ဆုများစွာရရှိခဲ့သည်။ အသက် ၁၈ နှစ်အရွယ်တွင် အလင်္ကာကျော်စွာဆရာရွှေပြည်အေး တာဝန်ယူတီးခတ်ပေးသည့် ရုပ်ရှင်ဇာတ်ထုပ်များတွင် ပညာရရှိရန်အတွက် လက်ထောက်အဖြစ်ဖြင့် လိုက်လံတီးခတ်ပေးရာမှ စန္ဒရားတင်ဝင်းလှိုင်ဟု အမည်တွင်လာခဲ့ခြင်းဖြစ်သည်။

စန္ဒရားတင်ဝင်းလှိုင်သည် ငယ်ရွယ်စဉ်ကာလများတွင် ပလေးဘွိုင်းတေးဂီတအဖွဲ့၊ LPJ တေးဂီတအဖွဲ့၊ Electronic Machine တေးဂီတအဖွဲ့တို့တွင် စန္ဒရားပညာရှင်အဖြစ်တီးခတ်ကာ စတီရီယိုလောကတွင် နှစ်၂၀ ခန့် ကျင်လည်ခဲ့ပြီး နိုင်ငံတကာအထိ မြန်မာ့ဂီတကိုမိတ်ဆက်ခဲ့သူဖြစ်သည်။ ဂျပန်နိုင်ငံ တိုကျိုအနုပညာတက္ကသိုလ်တွင် မြန်မာ့ဂီတနှင့်ပတ်သက်၍ သင်ကြားပေးခဲ့သည်။ ဂျပန်နိုင်ငံနှင့် အင်္ဂလန်နိုင်ငံ ဂီတတက္ကသိုလ်တို့တွင် သိုးဆောင်းဘာသာစကားဖြင့် တစ်ကြိမ်စီ တီးဆိုပြီးဟောပြောခဲ့ကြောင်း သိရသည်။

ဆရာကြီးသည် မြန်မာသံကိုယ်ပိုင်သံစဉ် သီချင်းများကိုလည်း ရေးသားခဲ့သူဖြစ်ပြီး "ချမ်းမြေ့ပါစေ" သီချင်းမှာ အောင်မြင်မှုအများဆုံးရရှိခဲ့သည့်တေးသီချင်းဖြစ်သည်။ ကွယ်လွန်ခဲ့ပြီဖြစ်သည့် စန္ဒရားဦးတင်ဝင်းလှိုင်အားလာမည့်စနေနေ့ ဇူလိုင် ၁၆ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ကြောင်း သိရသည်။ ဆရာကြီးသည် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းတောင်ရပ်ကွက် ပြည်လမ်း အမှတ်-၂၁၈ / ဘီ ( ၅ )အေတွင် နေထိုင်ခဲ့ပြီး ကွယ်လွန်ချိန်တွင် သမီးနှစ်ဦးကျန်ရစ်ခဲ့သည်။

**စိုးစံကို**

■

☆ **ကျောဖုံးမှ**

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အားအလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့်လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင်ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့် ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက်နေ ရဲနိုင်အောင်(ခ)သားကြီးသည် ၎င်းအသုံးပြုသည့် "Ye Naing Aung" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၂)ရပ်ကွက်နေ သန့်စင်ကိုသည် ၎င်းအသုံးပြုသည့် "Thant Sin Ko" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ အောင်သစ်လွင်ရပ်ကွက်နေသူများဖြစ်သည့် စိုးမင်းနှင့် စန္ဒာဝင်းတို့ နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် "Soe Min" Facebook အကောင့်နှင့် "Sandar Win" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် အုတ်ဖြတ်ကျေးရွာနေ အိသက်မွန်သည် ၎င်းအသုံးပြုသည့် "Daw Ei Thet Mon" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း များပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၇-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၇၂၅ | ၁၇၇၀ | ၁၇၆၅ | ၁၇၃၅ | ၁၇၇၀ | ၁၇၉၀ | ၁၇၈၀ | ၁၇၅၅ | ၁၈၅၀ | ၁၈၆၅ | ၁၇၆၀ | ၁၇၇၀ | ၁၈၀၅ | ၁၈၀၅ | ၁၈၁၀ | ၂၀၃၀ | ၂၆၃၅ |
| 95 Ron | ၁၇၉၀ | ၁၈၄၀ | ၁၈၃၅ | ၁၈၀၀ | ၁၈၃၅ | ၁၈၆၀ | ၁၈၄၅ | ၁၈၂၅ | ၁၉၂၀ | ၁၉၃၅ | ၁၈၃၀ | ၁၈၄၅ | ၁၈၇၅ | ၁၈၇၅ | ၁၈၇၅ | ၂၀၉၅ | ၂၆၉၅ |
| HSD (500 ppm) | ၂၁၃၀ | ၂၁၇၅ | ၂၁၇၅ | ၂၁၄၀ | ၂၁၇၅ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၀ | ၂၂၇၅ | ၂၂၇၀ | ၂၁၇၀ | ၂၁၇၅ | ၂၂၁၀ | ၂၂၁၅ | ၂၂၁၅ | ၂၄၃၅ | ၂၉၂၅ |
| HSD (50 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၀ | ၂၄၉၀ | ၂၈၉၅ |
| HSD (10 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၀ | ၂၄၉၀ | ၂၈၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၆၃၄ | ၁၇၀၁ |
| 95 Ron | ၁၇၀၀ | ၁၇၆၇ |
| HSD (500 ppm) | ၂၀၂၉ | ၂၀၉၉ |
| HSD (50 ppm) | ၂၀၈၄ | ၂၁၅၅ |
| HSD (10 ppm) | ၂၀၈၄ | ၂၁၅၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## ကျောက်တံခါးမြို့နယ်၌ ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးနှံ

ကျောက်တံခါး ဇူလိုင် ၁၄

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ကျေးရွာစီမံ အုပ်ချုပ်ရေး အဖွဲ့များနှင့် ပူးပေါင်း၍ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှု ရက်သတ္တပတ်အစီအစဉ်အရ ပိုစတာစိုက်ထူခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ကျွဲ၊ နွားများအား လည်ချောင်းကွဲရောဂါနှင့် ထောင့်သန်းရောဂါကာကွယ်ဆေးထိုးနှံခြင်းများအား ယနေ့ နံနက်ပိုင်းက ဂနက်ကျေးရွာအုပ်စု မူခရမ်းကျေးရွာတွင် ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါက်တာနှင်းနုလွင်က ကျွဲ၊ နွားများ ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ကာကွယ်ဆေးများကို စနစ်တကျ ကြိုတင်ထိုးနှံထားခြင်းဖြင့် မွေးမြူရေးတောင်သူများ အကျိုးအမြတ်များ ဖြစ်ထွန်းကာ ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးချဲ့မွေးမြူလာကြမည်ဖြစ်ကြောင်း ပြောကြားသည်။

မြို့နယ် (ပြန်/ဆက်)

## တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှု ရက်သတ္တပတ် ကွင်းဆင်းဆောင်ရွက်

ကသာ ဇူလိုင် ၁၄

ကသာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ယနေ့တွင် တုန်းပေါကျေးရွာအုပ်စု၌ ကျွဲ၊ နွားများတွင် ဖြစ်တတ်သော ခွာနာလျှာနာ ရောဂါ၊ အရေပြားအကျိတ်နာရောဂါ၊ ဝက်များတွင် ဖြစ်တတ်သော အာဖရိက ဝက်အပြင်းဖျားရောဂါနှင့် အခြားတိရစ္ဆာန်ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် အသိပညာပေး ဟောပြောပွဲ ပြုလုပ်ခဲ့သည်။

### လက်ကမ်းစာစောင်များဖြန့်ဝေ

ဟောပြောပွဲသို့ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာသုံးရွာမှ ကျွဲ၊ နွား မွေးမြူသူ တောင်သူ ၅၅ ဦးတက်ရောက်ခဲ့ပြီး အသိပညာပေး လက်ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ထို့နောက် တုန်းပေါကျေးရွာအုပ်စု သိမ်အင်းကျေးရွာတွင် ကူးစက်ရောဂါကြိုတင်ကာကွယ်ရေး အတွက် ကျွဲ၊ နွားလည်ချောင်းကွဲရောဂါကာကွယ်ဆေး ၈၅ ကောင် ထိုးနှံပေးခဲ့ပြီး ဗီနိုင်းပိုစတာများ စိုက်ထူခဲ့ကြောင်း သိရသည်။

အေးမြသက်ထား



## မိုးနဲမြို့နယ်၌ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှု ရက်သတ္တပတ် ဆောင်ရွက်

မိုးနဲ ဇူလိုင် ၁၄

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်၌ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှု ရက်သတ္တပတ်အဖြစ် ကွင်းဆင်း ဆောင်ရွက်ခြင်းကို ဝမ်ပေကျေးရွာရှိ နွားမွေးမြူသူ တောင်သူများခြံနေရာ၌ ယနေ့ နံနက် ၇ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။




### အသိပညာပေးဆွေးနွေး

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာ ခိုင်မြဲစည်သူ ဦးဆောင်၍ တိရစ္ဆာန်ရောဂါ ကာကွယ် ထိန်းချုပ်ခြင်းဆိုင်ရာ အရေးပေါ် တုံ့ပြန်ရေးအဖွဲ့စိတ်မှ အဖွဲ့ဝင်များက တိရစ္ဆာန်ရောဂါ စူးစမ်း ထောက်လှမ်းခြင်းကို ဆောင်ရွက်ခြင်း၊ ကျွဲ၊ နွား ခွာနာလျှာနာရောဂါနှင့် အရေပြားအကျိတ်နာရောဂါများအကြောင်း အသိပညာပေး ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး မွေးမြူရေးတောင်သူ သုံးဦး၏ နွားကောင်ရေ ၁၅၀ ကို ခွာနာလျှာနာ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် တိရစ္ဆာန်ရောဂါ ကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဝိုးတောင်း

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

### အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့်ပြည်သူများ Drone ယာဉ်များယူဆောင်လာခြင်း၊ လွှတ်တင်ခြင်း မပြုလုပ်ရန် ကြိုတင်အသိပေး ကြေညာချက်




### အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) သို့ လာရောက်မည့်ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း (၁၀) မျိုးစာရင်း




## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ❖ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင်အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် အတွင်းသို့ ဝင်ရောက်ခွင့် မပြုပါ။
- ❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ❖ သတ်မှတ်ပေးထားသောနေရာများတွင်စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ❖ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချိုလမ်းဆုံတွင် ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်၊ နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်)ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြု ကတ်ပြားယူဆောင်လာပါရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက် အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ❖ ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ❖ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ❖ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် (Covid-19)ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- ❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ (လုံးဝ) လာရောက်ခြင်းမပြုရန်။
- ❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ (လုံးဝ)လာရောက်ခြင်းမပြုရန်။

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ❖ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင်အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ အာဇာနည်ဗိမာန် အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက်စနစ်တကျတပ်ဆင်ရန်၊ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ❖ ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်၊ နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား ယူဆောင်လာပါရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ❖ ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ❖ အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ❖ အာဇာနည်ဗိမာန် ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့် တစ်ဦး (၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့် တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် (Covid-19)ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- ❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်၊ အစုလိုက် အလေးပြုသည့်အချိန်အား (၁၅)မိနစ်ထက် ပိုမကြာစေရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ❖ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- ❖ သတ်မှတ်ပေးထားသော နေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ❖ ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းဆုံတွင် ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်၊ နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်)ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေး အချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား ယူဆောင်လာပါရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ❖ ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ❖ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ❖ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့် တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် (Covid-19)ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- ❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ကား၏သံထည်ကို ဆွဲဆန့်၍ မရနိုင်ကောင်းမှန်းမသိ။ ဆွဲဆန့်နေမိသည်။ ကုတ်ခြစ်နေမိသည်။

"မသေပါစေနဲ့၊ အရီမသေပါစေနဲ့"

သည်ဆုတောင်း ရင်ထဲမှာရိုက်ခတ်နေသည်။ သည်ဆန္ဒ ရင်ထဲမှာစောနေသည်။

လူတို့သည် နန်းကိန္နရီ၏ကိုယ်ကို တတ်နိုင်သမျှ ညင်ညင်သာသာ ထုတ်ယူကြသည်။ အချင်းချင်း အော်ဟစ်သတိပေးသံ ဆူညံနေသည်။

အဆုံးတွင် နန်းကိန္နရီ ကားထဲမှ ပြင်ပသို့ရောက်လာသည်။ ကူရှင်များကိုချခင်းပြီး အပေါ်မှာတင်ထားသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် နန်းကိန္နရီအပါးမှာ ထိုင်ချလိုက်သည်။

နန်းကိန္နရီ၏ကိုယ်မှာ မြင်ရက်စရာမရှိ။ ရှုရက်စရာမကောင်း။ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် အခြားဘာကိုမျှမမြင်။ သွေးခြင်းခြင်းနီသော သွေးတို့ကို သာမြင်နေသည်။ နေရာတကာမှာပင် အနီရောင်ရဲရဲတို့သာ ဖုံးလွှမ်းနေသည်ဟုထင်သည်။

"ဖြစ်မှဖြစ်ရလေ အရီရယ်"

နန်းကိန္နရီ၏ကိုယ်ကို နှမြောတသစွာ၊ ယုယ ဖြည်းညင်းစွာ ဖက်လိုက်သည်။ ပါးချင်းအပ်လိုက်မိသည်။

"ကလေးရယ်၊ အရီရယ်၊ သမီးလေးရယ်"

ယူကျုံးမရစွာ ခေါ်နေမိသည်။

သူ၏ခေါ်သံကို နန်းကိန္နရီမထူး၊ တုံ့မပြန်။ မလှုပ်မယှက်နှင့် ငြိမ်ငြိမ်သက်သက်ကြီး ရှိသည်။ သွေးတို့သည် ဒေါ်ရေနံ့သာခင်ခင်ကြီးထံ ကူးလူးစွတ်စိုလာကြသည်။ သူ၏မျက်ဝန်းမှ စီးကျလာသောမျက်ရည်သည် ပါးပြင်အချင်းချင်း ကူးလူးစွတ်စိုကုန်သည်။ သွေးနှင့်ရောနှောကာ သွေးရောင်အဖြစ်သို့ ပြောင်းလွဲသွားကြကုန်သည်။

အဘယ်မျှကြာခဲ့ပြီ မသိရ။

တစ်စုံတစ်ယောက်က ပခုံးကိုဆုပ်ကိုင်ကာ ဆွဲထူလိုက်သည်။

"သူနာပြုကား ရောက်လာပြီ"

တစ်စုံတစ်ယောက်က ရဲစခန်းမှ တယ်လီဖုန်းဆက်လိုက်ဟန်တူသည်။ သူနာပြုကား ဥသြသံပေးရင်း ရောက်လာသည်။ သူနာပြုများသည် အရေးတကြီးဟန်ပန်ဖြင့် နန်းကိန္နရီထံ ရောက်လာကြသည်။ သူနာပြုသယ်ကပ်ဖြင့် နန်းကိန္နရီကို ကားဆီသို့ သယ်ယူသွားကြသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် သတိလစ်ဟင်းနေသူပမာ အရာအားလုံးကို စူးစိုက်ကြည့်နေသည်။ ဥသြသံတညံညံဖြင့် ထွက်ခွာသွားသော သူနာပြုယာဉ်ကို မျက်စိတစ်ဆုံး ငေးမောကြည့်နေမိသည်။

လူတို့သည် တစ်စထက်တစ်စ ပိုမိုများပြားစပြုလာလေပြီ။ ၎င်းတို့သည် စုတ်သပ် ညည်းညူခြင်းလည်း ပြုကြသည်။ တစ်ဆင့်စကား တစ်ဆင့်နားဆိုသလို အဖြစ်အပျက်နှင့် မျက်မြင်ကိုယ်တွေ့ မကြုံရလေသူတို့အား ဖောက်သည်ချသူက ချသည်။ မေးမြန်းသံ၊ ပြန်လည်ဖြေကြားသံတို့ဖြင့် ညံစီနေသည်။

သူနာပြုယာဉ် ပျောက်ကွယ်သွားသည့်တိုင် ဒေါ်ရေနံ့သာခင်ခင်ကြီး လမ်းကို ကြည့်နေမိဆဲဖြစ်သည်။ စင်စစ် အခြားဘာကိုမျှမမြင်ရ။ ဘာကိုမျှ မတွေ့ရ။ သွေးကိုသာလျှင် မြင်နေဆဲ။ သည်အထဲမှာ ပေါ်လာသည်က မောင်မောင်ဦး။ ၎င်း၏ရုပ်သွင်သည် အားရကျေနပ်စွာ ပြုံးနေသည်ဟု ထင်ရသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး အံကိုတင်းတင်းကြိတ်လိုက်သည်။ အံကြိတ်လိုက်စဉ်တွင် အသားတစ်စသည် သွားများအကြား ညပ်နေသည်။ အံကိုတင်းတင်းကြိတ်လိုက်သောအခါ အသားကိုကိုက်မိသည်။ သွားများကို လျှော့မပစ်မိ။ ပို၍တင်းအောင် ကိုက်လိုက်သည်၌ အသားစ ပြတ်ထွက်သွားသည်။

"လူတွေသိပ်များလာပြီ၊ ဒီနေရာကသွားကြပါစို့"

ဒရိုင်ဘာက ပြောသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး ကားဆီသို့ လျှောက်လာသည်။ ကားအတွင်း ဝင်ထိုင်လိုက်သည်။

ဒရိုင်ဘာကမေးသည်။

"အိမ်ကိုပဲမောင်းတော့"

ဒေါ်ရေနံ့သာခင်ခင်ကြီး အသံပြတ်ဖြင့်ဖြေသည်။

များစွာကွာဝေးခြင်းမရှိလှသော ရေနံ့သာသို့ ရောက်လာကြသည်။ အိမ်သို့ရောက်ပြီဆိုသည်နှင့် တစ်ပြိုင်နက် ဒေါ်ရေနံ့သာခင်ခင်ကြီး အိမ်ပေါ်ထပ်သို့ တန်းတန်းမတ်မတ်တက်သွားသည်။ အိပ်ခန်းအတွင်းဝင်သွားသည်။

သွေးစွန်းနေသော အဝတ်အစားများကို ချွတ်လဲခြင်းမပြုဘဲ ခုတင်တွင် ခြေပစ်လက်ပစ် လဲလျောင်းနေသော သူ့ကို အိမ်ရှိအစေခံများ တွေ့ခဲ့ကြရသည်။ နောက်တော့ တံခါးပိတ်ထားလိုက်ကြောင်း မြင်ရသည်။

အစေခံတို့ အချောက်ချောက်အချားချား ရှိနေကြသည်။ တီးတိုးမေးမြန်းကြသည်။ ဒရိုင်ဘာလုပ်သူက အဖြစ်အပျက်အလုံးစုံကို ပြန်ပြောသည်။ အားလုံးလိုပင် ရင်သပ်ရှုမော အံ့သြကြရသည်။ ဤသည်ကလွဲ၍ ဘာမျှမပြောတတ်။ ဘာမျှလည်းမလုပ်တတ်။

အချိန်များသည် လျင်မြန်စွာ ကုန်ဆုံးသွားကြသည်။ အမှောင်လွှမ်းစပြုလာပြီ။ မိုးချုပ်စပြုလာပြီ။

ယင်းအချိန်တွင် မိုးသည် တစ်နေ့လုံးလိုလို ကြည်ကြည်လင်လင်ရှိနေရာမှ အငြိုးတကြီးနှင့် ရွာလာသည်။ မိုးဦးလေဦးအခါကာလနှင့်ပင် တူသေးတော့သည်။ လျှပ်စီးလင်းပြက်သည်။ မိုးချုပ်စပြုလာသည်။

မိုးသည် ဒေါ်ရေနံ့သာခင်ခင်ကြီးအား အတွေးအိပ်မက်မှ ရုတ်တရက်လှန့်နှိုးလိုက်သလိုဖြစ်သည်။ သူသည် မိုးရွာလာချိန်၌ လဲလျောင်းရာမှ ထလိုက်သည်။ တကယ်တမ်းတွင်မူ မိုးကို သူဂရုမစိုက်မိ။ မိုးသံလေသံကြားရသောကြောင့် ထလာခြင်းမဟုတ်။

သူသည် အတွေးအိပ်မက်မှ လန့်နိုးလာသည်။ တစ်စုံတစ်ခုသောအတွေးကို ကြာမြင့်စွာကတည်းက တွေးနေခဲ့သည်။ စောစောပိုင်းကတော့ အတွေး၌ ချာလည်လည်နေသည်။ ဆုံးဖြတ်ချက်တစ်ရပ်ကို ပိုင်ပိုင်မချနိုင်ခဲ့။ စိတ်ကို စုစည်း၍မရနိုင်ခဲ့။ စိတ်သည် ကစဉ့်ကလျားရှိနေခဲ့သည်။

အာရုံတွင် သွေးစိမ်းရှင်ရှင်တို့ ထင်ဟပ်နေသည်။ နန်းကိန္နရီ၏ ပစ်စလက်ခတ်ကြီး ဖြစ်နေသောအဖြစ်။ သွေးစွန်းသောကိုယ်၊ ပြီး ၎င်း၏မျက်နှာ။ ပြုံးနေသောမျက်နှာ။ ကျေနပ်ဝမ်းသာနေသော မျက်နှာ။

နားတွင် နန်းကိန္နရီပြောခဲ့သည့် တစ်ခွန်းတည်းသောစကားကို ပဲ့တင်သံသဖွယ် ဆက်တိုက်ကြားယောင်နေသည်။

"အရီ၊ အရီဟာ မေမေ့သမီးအစစ်မဟုတ်ဘူးတဲ့"

သည်စကားကြောင့် ရင်မှာ ခံပြင်းရသည်။ နာကြည်းရသည်။

ကိုမောင်မောင်ဦးသည် နန်းကိန္နရီအား တစ်နည်းတစ်ဖုံအသုံးချချင်သည်ဟု ထင်သည်။ ယခင်အခါကလို မိမိထံမှ ငွေညှစ်လို၍ပဲလား၊ သို့တည်းမဟုတ် မိမိထံမှ နန်းကိန္နရီအား ခွဲထုတ်ကာ သူ့ထံရောက်ခေါ်ယူချင်၍ သည်စကားဆိုခဲ့လေသလား။

မိမိနှင့် ကိုမောင်မောင်ဦးတို့၏ သံသရာမှာ မဆုံးသေးပါကလား။ သည်နည်းဖြင့် အဆုံးသတ်နိုင်တော့မည်မဟုတ်ပါကလား ထင်သည်။

သူနှင့် ကြုံဆုံရစက မိမိအသည်းနှလုံးတို့ ကြေပြုန်းခဲ့ရသည်။ သမီးဖြစ်သူနှင့်ပတ်သက်ကာ အသည်းနှလုံးတို့ ကြေမွခဲ့ရသည်။ ဘဝတစ်လျှောက်လုံးတွင် အသက်ရှင်လျက် သေဆုံးခဲ့ရသည်။ နှစ်ပေါင်းမြောက်မြားစွာ မိမိရင်မှာ ခြောက်သွေ့ခဲ့ရသည်။

နန်းကိန္နရီသည် မိမိ၏ဘဝအတွက် ရေကြည်တစ်ပေါက်ဖြစ်ခဲ့သည်။ ညှိုးခြောက်နွမ်းနယ်သော နှလုံးသားကို ပြန်လည်လန်းဆန်းစေခဲ့သည်။ ဘဝကို ပြန်လည်ရှင်သန်စေခဲ့သည်။ မကွဲမအက်ဘဲ ကျန်ရစ်ခဲ့သည့် အသည်းတစ်ဖဲ့သဖွယ် မြတ်နိုးတွယ်တာခဲ့သည်။

ယခုမူ သူသည် သည်တစ်ဖဲ့ကိုပင် ခြေမွပစ်ခဲ့ပြန်လေပြီ။ ဘဝကို သုသာန်တစ်စပြင်ပမာ တိတ်ဆိတ်စေခဲ့ပြန်ပြီ။ အသက်ရှင်လျက် သေရသည့်ဘဝသို့ ပြန်လည်ကျရောက်စေခဲ့ပြန်ပြီထင်သည်။

သည်တော့လည်း သည်လူနှင့် စာရင်းအပြတ်ရှင်းမှ ဖြစ်ရပေတော့မည်၊ ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့ကြသည် ဆိုသည့်စကားကို ပြတ်ပြတ်သားသား ရင်ဆိုင်မှဖြစ်တော့မည်ထင်သည်။

မည်သည့်နည်းနှင့်မဆို နန်းကိန္နရီအတွက်လည်း လက်စားချေရတော့မည်။ သည်ကလေးသည် ဘာမဆိုင် ညာမဆိုင် ကြားက ဓားစာဝင်ခံလိုက်ရသည်ဟု မှတ်ယူမိသည်။

သို့နှယ်ဖြင့် ...

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် အဝတ်ဗီရိုအံဆွဲဆီသို့ လျှောက်လာသည်။ အဝတ်ခေါက်များအောက်မှ သေနတ်ကို ထုတ်ယူလိုက်သည်။ သေနတ်မှ ကျည်ဆန်ကပ်ကို စစ်ဆေးကြည့်သည်။ ကျည်ဆန်အပြည့်ရှိနေကြောင်း တွေ့ရသည်။

လက်ပွေ့အိတ်တစ်လုံး ယူလိုက်သည်။ သေနတ်ကို လက်ပွေ့အိတ်အတွင်း ထည့်လိုက်သည်။

ထို့နောက် ဒေါ်ရေနံ့သာခင်ခင်ကြီးသည် တင်းမာခက်ထန်သော မျက်နှာထား၊ ခိုင်ခံ့မြဲမြံသော ခြေလှမ်းများဖြင့် လှေကားအတိုင်း တစ်လှမ်းချင်း ဆင်းလာခဲ့လေသည်။

x x x x x

[ ၇ ]

အကျည်းတန်သော ည။

မိုးသည် အုန်းအင်းသရော ရွာလျက်ရှိသည်။ လေက မိုးကို အားပေးအားမြှောက်ပြုသလို တိုက်ခတ်နေသည်။ လောကအားလုံး မိုးသံလေသံတို့ဖြင့်သာ ဖုံးလွှမ်းဆူညံနေသည်ဟု ထင်ရသည်။

မိုးစက်မိုးပေါက်တို့သည် ကြီးမားကြသည်။ စိပ်သည်။ မော်တော်ကားရှေ့မှန်မှ ရေသုတ်တံကလေးများသည်ပင် နိုင်အောင်သုတ်မပစ်နိုင်ဘဲရှိသည်။ ထို့ကြောင့်လည်း မော်တော်ကား၏အရှေ့မှ လေးငါးဆယ်ကိုက်ထက်ကျော်အောင် မမြင်သာနိုင်ဘဲရှိသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ကားကို ဂရုတစိုက် မောင်းနှင်လာသည်။ သူ့အထီးတည်းဖြစ်သည်။

လောလောဆယ်တွင် ဘာမျှမဖြစ်ချင်။ ကားမှောက်ခြင်း၊ ကားတိုက်ခြင်းမျိုး မပေါ်ပေါက်စေချင်သေး။ စာရင်းမပြတ်သေးခင် အခြားဒုက္ခများနှင့် မဆုံချင်ပါ။ ပြီးလျှင်တော့ ဘာပဲဖြစ်ဖြစ်ပေါ့။

ကားသည် ကမ္ဘာအေးရပ်ကွက်သို့ ရောက်လာသည်။ စောစောကရောက်ခဲ့ဖူးသောလမ်းထိပ်၌ ရပ်လိုက်သည်။

**ဆက်လက်ဖော်ပြပါမည်။**

❛ မိုးသည် ဒေါ်ရေနံ့သာခင်ခင်ကြီးအား အတွေးအိပ်မက်မှ ရုတ်တရက် လှန့်နှိုးလိုက်သလိုဖြစ်သည်။ သူသည် အတွေးအိပ်မက်မှ လန့်နိုးလာသည်။ တစ်စုံတစ်ခုသောအတွေးကို ကြာမြင့်စွာကတည်းက တွေးနေခဲ့သည်။ စောစောပိုင်းကတော့ အတွေး၌ ချာလည်လည်နေသည်။ ဆုံးဖြတ်ချက်တစ်ရပ်ကို ပိုင်ပိုင်မချနိုင်ခဲ့။ စိတ်ကို စုစည်း၍မရနိုင်ခဲ့။ စိတ်သည် ကစဉ့်ကလျားရှိနေခဲ့သည်။ နားတွင် နန်းကိန္နရီပြောခဲ့သည့် တစ်ခွန်းတည်းသောစကားကို ပဲ့တင်သံသဖွယ် ဆက်တိုက်ကြားယောင်နေသည်။ "အရီ၊ အရီဟာ မေမေ့သမီးအစစ် မဟုတ်ဘူးတဲ့" သည်စကားကြောင့် . . . ❜

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဇူလိုင် ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၆ - ၇ - ၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄) အမှတ် (၂၉) တွင် ကလေးတို့အနေဖြင့် ဖြစ်ပေါ်လာသော အကြောင်းအရာများကို အကျိုးအကြောင်းဆက်စပ်၍ ဆင်ခြင်ဆုံးဖြတ်နိုင်စေရန် တင်ဆက်ထားသည့် "ခရေပန်းကောက်ကြမယ်" မျက်နှာဖုံးဇာတ်လမ်း၊ ကလေးများအနေဖြင့် အာဇာနည်နေ့ ဖြစ်ပေါ်လာပုံနှင့် အာဇာနည်ပုဂ္ဂိုလ်ကြီးများသည် မမေ့အပ်သည့် ကျေးဇူးရှင်များဖြစ်ကြောင်းကို တင်ဆက်ထားသည့် "အာဇာနည်နေ့တို့မမေ့" သုတဆောင်းပါး၊ ကလေးတို့ပေးပို့သော ကာတွန်းလက်ရာများကို ဖော်ပြပေးထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ ကလေးတို့အနေဖြင့် မိမိတို့တွင် ကျရောက်လာမည့်အန္တရာယ်ကို ကာကွယ်နိုင်ရန် ကိုယ်ခံပညာကို သင်ယူထားသင့်သော်လည်း သူတစ်ပါးအပေါ် အနိုင်မကျင့်သင့်ကြောင်းကို တင်ဆက်ထားသည့် "ဖြိုးရဲနှင့် ကိုယ်ခံပညာ" နှစ်မျက်နှာ ကာတွန်း၊ ဘောလုံးကစားရာ၌ ပြိုင်ဘက်အသင်းနှစ်သင်းလုံးက အနိုင်ယူလိုသော်လည်း အသင်းတစ်သင်းက အနိုင်ရ၍ ကျန်အသင်းတစ်သင်းက ရှုံးနိမ့်မည်ဖြစ်ရာ ၎င်းအရှုံးကို ကျေကျေနပ်နပ်ဖြင့် လက်ခံသင့်ကြောင်းကို တင်ဆက်ထားသည့် "အပြုံးနှင့်အနိုင်" ဝတ္ထု၊ မိမိ၏ ထင်မြင်ယူဆချက်ဖြင့် ဆောင်ရွက်ပါက အမှားကြုံတွေ့နိုင်ပုံကို တင်ဆက်ထားသည့် "ဆေးဆရာဦးအောင်ကြီး" တစ်မျက်နှာ ကာတွန်း၊ အပေါ်ယံအလှအပများဖြင့် မာန်တက်ကာ သူတစ်ပါးကို ကွဲ့ရဲ့တတ်သောအကျင့်ကြောင့် နောင်တရသွားသော နှင်းဆီပန်းလေးနှင့် သူတစ်ပါး၏အခက်အခဲကို ကူညီတတ်သော ရှားစောင်းလက်ပပ်ပင်လေးတို့အကြောင်းကို ရေးဖွဲ့ထားသည့် "ဘဝင်မြင့်တဲ့ နှင်းဆီပန်းလေး" ပုံပြင်၊ ကလေးတို့အနေဖြင့် ပေးထားသောရုပ်ပုံကို မိမိတို့ စိတ်ကြိုက်အရောင်များဖြင့် ခြယ်သနိုင်မည့် "ဆေးရောင်လှလှ ခြယ်ရအောင်" ဉာဏ်စမ်း၊ ရန်ပိုင်စိုးသည် သူငယ်ချင်းများနှင့် သူခိုးနှင့် ပုလိပ်လုပ်တမ်းကစားရာ၌ သူ့ကို သူခိုးလုပ်ခိုင်းသဖြင့် အိမ်ပြန်ကာ ဦးလေးလုပ်သူဖတ်ပြသော ပုံပြင်ကိုသာ နားထောင်တော့မည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် "ရန်ပိုင်စိုး" နှစ်မျက်နှာ ကာတွန်း၊ ကစားလိုက် အိမ်သို့ပြန်ကာ အစားစားလိုက်နှင့် အလုပ်မလုပ်ဘဲ အချိန်ကုန်နေသော အာဘွားကို သူ၏မိခင်က မိဘာလုပ်စာ ထိုင်စားနေသည်ဟု ပြောသည်ကို သူ၏သူငယ်ချင်းနှင့် ပြန်လည်ပြောဆိုပုံကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် "မိဘာလုပ်စာကိုထိုင်မစားတော့ပါ" နှစ်မျက်နှာ ကာတွန်း၊ Adjective (နာမဝိသေသန) များ၏




အသုံးအနှုန်းနှင့် ဝါကျများတွင် Adjective များ ထည့်သွင်းအသုံးပြုပုံအကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ"အင်္ဂလိပ်စာသင်ခန်းစာ ကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ (၃၂)ကြိမ်မြောက်မှ

ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ဆုတံဆိပ်ချီးမြှင့်မည့် အားကစားနည်း ၃၉ မျိုးမှာ ပြေးခုန်ပစ်၊ ရေကူး၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘိလိယက်နှင့်စနူကာ၊ ကာယဗလ၊ လက်ဝှေ့၊ စစ်တုရင်၊ ခရစ်ကက်၊ စက်ဘီး၊ Dance Sports၊ Esports၊ သုံးမျိုးစုံ၊ ဓားရေး၊ Finswimming၊ Floorball၊ ဘောလုံး၊ ဂေါက်သီး၊ ကျွမ်းဘား၊ ဟော်ကီ၊ Jet Ski၊ ဂျူဒို၊ ကရာတေး၊ Kun Khmer၊ Martial Arts (ဂျူဂျစ်ဆု၊ ဗိုဗီနမ်၊ ကစ်ဘောင်ဆင်၊ Arnis၊ Kun Bokator၊ Martial Arts Korea)၊ Obstacle Race၊ ပီတန်း၊ ရွက်လှေ၊ ပိုက်ကျော်ခြင်း၊ Silat၊ Soft Tennis၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ရိုးရာလှေ၊ ဘော်လီဘော၊ အလေးမ၊ နပန်းနှင့် ဝူရှူး အားကစားနည်းတို့ဖြစ်ကြောင်း သိရသည်။ အရှေ့တောင်အာရှနိုင်ငံအများစု အနေဖြင့် မြားပစ်၊ သေနတ်ပစ်၊ စစ်တုရင် (နိုင်ငံတကာ)၊ ကျွမ်းဘား (Rhythmic) နှင့် Kurash အားကစားနည်းများ ထပ်တိုးကျင်းပရန် တောင်းဆိုထားသည်။

မြန်မာအားကစားအဖွဲ့များသည် လာမည့်ဆီးဂိမ်းပြိုင်ပွဲအတွက် စခန်းဝင်လေ့ကျင့်ပြင်ဆင်နေပြီဖြစ်ပြီး ပြီးခဲ့သည့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ကိုးခု၊ ငွေ ၁၈ ခု၊ ကြေး ၃၅ ခု ရရှိခဲ့သည်။

**ကိုညီလေး**

## ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ကိုယ်စားပြုအမျိုးသား ဘတ်စကက်ဘော အသင်းအား ထောက်ပံ့ငွေပေးအပ်

လောက်ကိုင် ဇူလိုင် ၁၄

ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသ/ ခရိုင်ပေါင်းစုံ ဘတ်စကက်ဘောပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကိုယ်စားပြု အသက် ၂၅ နှစ်အောက်အမျိုးသား ဘတ်စကက်ဘော အသင်းအား ယနေ့နံနက် ၁၀နာရီက အောင်နိုင်ရေး အလံပေးအပ်ခြင်းနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကို လောက်ကိုင်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး အဖွဲ့ဝင် ဦးခင်မောင်လွင်က သွားရောက်ယှဉ်ပြိုင်မည့် ဘတ်စကက်ဘောအသင်းအား အားပေးစကားပြောကြားသည်။ ထို့နောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးယောဟန်က ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေက ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကိုယ်စားပြု အသက် ၂၅ နှစ်အောက် အမျိုးသားဘတ်စကက်ဘောအသင်း၏ ကစားသမား ၁၂ ဦး၊ အသင်းအုပ်ချုပ်သူ တစ်ဦးနှင့် နည်းပြ တစ်ဦးတို့အား အားပေးစကား ပြောကြားပြီး အောင်နိုင်ရေးအလံပေးအပ်ကာ ငွေကျပ် ၃၂သိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရွှေစင်ဖြိုး(ပြန်/ဆက်)**

* အာဆီယံမှ

မြန်မာအသင်းသည် အုပ်စုပွဲများတွင် တီမောအသင်းကို ခုနစ် ဂိုးပြတ်၊ ကမ္ဘောဒီးယားအသင်းကို သုံးဂိုးပြတ်၊ ဖိလစ်ပိုင် အသင်းကို သုံးဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရခဲ့ပြီး အုပ်စု နောက်ဆုံးပွဲတွင် ဗီယက်နမ် အသင်းကို လေးဂိုးပြတ် အရေးနိမ့်ခဲ့ခြင်း ဖြစ်သည်။

မြန်မာ အသင်းသည် ဗီယက်နမ်နှင့် ပွဲမတိုင်မီကတည်းက ဆီမီးဖိုင်နယ် တက်ရောက်ပြီး ဖြစ်သလို ဗီယက်နမ်နှင့် ပွဲအပြီး တစ်ရက်သာနားကာ ဆီမီးဖိုင်နယ် ကစားရမည်ဖြစ်သောကြောင့် အမာခံကစားသမားများ အင်အားပြည့်ကစားနိုင်ရန် ဗီယက်နမ်နှင့်ပွဲတွင် အရန်လူငယ်ကစားသမားများကိုသာ အသုံးပြုခဲ့သဖြင့် ဂိုးပြတ်အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် ကစားရမည့် ထိုင်းအသင်းသည် အုပ်စုပွဲများတွင် ရှုံးပွဲမရှိခဲ့ဘဲ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ မလေးရှားတို့ကို အနိုင်ရကာ ဩစတြေးလျနှင့် သရေကျပြီး အုပ်စုပထမ နေရာရခဲ့ခြင်းဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**

## မြန်မာ့ပင်လယ်ပြင်

နေပြည်တော် ဇူလိုင် ၁၄

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၁၄

မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေမည်။

**မိုး/ဇလ**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ပ-၃၇၊ မြေကွက်အမှတ် (၈)၊ ဆိပ်ကမ်းသာလမ်း၊ မြေအကျယ်အဝန်းပေ (၄၀ ×၆၀) ရှိ ဦးတင်အောင် [KNU-၀၄၈၂၅၄] အမည်ပေါက် နှစ် (၆၀)ဂရန်မြေကွက်အား အမည်ပေါက် ဦးတင်အောင်ထံမှ ဦးဝင်းမြိုင် [၁၂/ရပသ (နိုင်) ၀၂၂၃၄၂] က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကာ လက်ရှိထားရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ရီရီစိုး (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၉၄၃၁)
အမှတ် (၆၄၅/ခ)၊ မြပဟောဝန်ပန်းခြံလမ်း၊ (၁၀) ရပ်ကွက်၊
ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉၄၄၈၀၁၂၃၉၃

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ကျော်သူ(၁၆)လမ်း၊ အမှတ်(၉၄၆/ခ)တည်ရှိရာ ခြောက်ထပ်တိုက်၏ အလျား ၂၀ပေx အနံ၆၀ပေရှိ မြေညီထပ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကြေညာပြောဆိုသူ ဦးညီညီလွင်ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်သည့် မည်သူမဆို (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားအစုံအလင်ဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သီတာလွင် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၃၁/၂၀၁၅)
အမှတ်(၁၉)၊ (၁)လမ်း၊ ခနောင်တိုအနောက်ရပ်ကွက်၊
ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံးတော်၌**
**၂၀၂၂-ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄**

| | | |
|---|---|---|
| ဦးကျော်သူ | နှင့် | ဦးအောင်နိုင် |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ ကဗ္ဗီးလမ်း၊ အမှတ်(၅၅၀)နေ တရားပြိုင် ဦးအောင်နိုင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၂၉)ရက် (၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူသည် တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၈)ရက်တွင် ဤရုံးတံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အောင်ကျော်သူ)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး

**"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ အောင်သပြေလမ်း၊ မြေကွက်အမှတ်(၇၀)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိမြေမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့မြေစာရင်းတွင် ဦးမြင့်ဦး (AB-၀၃၂၉၄၁) အမည်ဖြင့် မြေချပါမစ်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ ယင်းမြေ၏ ခေါင်းရင်းခြမ်း တရားဝင်မခွဲမစိတ်ရသေးသည့် အကျယ်အဝန်း (၂၃ပေ x ၆၀ပေ)ရှိ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်ခင်ငြိမ်းချမ်း [၁၂/ဥကတ (နိုင်)၁၂၆၉၄၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိပြီး (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်နန့်ရှုဂေးခလိန် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၃၅)
အမှတ်(၁၀၃)၊ သဒ္ဒါရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၂၁၀၆၁၃၅၄၊ ၀၉-၇၈၆၅၂၄၅၁၉

**ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၂၈၇၈)၊ မြေဧရိယာ (၀.၁၄၆)ဧကရှိ ဒုဗိုလ်မှူးကြီးအောင်ကျော်ဟိုး(ဘ) ဦးမြဦး [၁၄/ဓနဖ(နိုင်)၀၀၃၃၁၃] အမည်ပေါက် မြေကွက်၏ မြေပေးမိန့်(မူရင်း) ပျောက်ဆုံးသွားပါသဖြင့်အထူးကိုယ်စားလှယ်လွှဲစာ (၂၆၁၉/၂၀၂၁) ရရှိထားသူဒေါ်နီလာမိုးမှ ပျောက်ဆုံးကြောင်းမှတ်ပုံတင်ကျမ်းကျိန်လွှာ (မူရင်း)၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက် များတင်ပြ၍ မြေပေးမိန့် မိတ္တူမှန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါ မြေပေးမိန့် (မူရင်း) ကိုပယ်ဖျက်ပြီး မိတ္တူမှန်လျှောက်ထားလာခြင်းအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၂၈၇၉)၊ မြေဧရိယာ (၀.၁၄၆)ဧကရှိ ဦးဝင်းမင်းလတ်(ဘ) ဦးစိန်ပေါ [၁၂/ဥကမ(နိုင်)၁၇၇၇၇၃] အမည်ပေါက် မြေကွက်၏ မြေပေးမိန့်(မူရင်း) ပျောက်ဆုံးသွားပါသဖြင့် အထူးကိုယ်စားလှယ်လွှဲစာ (၂၆၂၀/၂၀၂၁) ရရှိထားသူ ဒေါ်နီလာမိုးမှ ပျောက်ဆုံးကြောင်းမှတ်ပုံတင်ကျမ်းကျိန်လွှာ(မူရင်း)၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ မြေပေးမိန့် မိတ္တူမှန်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀)ရက်တွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါ မြေပေးမိန့် (မူရင်း) ကိုပယ်ဖျက်ပြီး မိတ္တူမှန် လျှောက်ထားလာခြင်းအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ပါကြောင်း**

**ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈ ( ရွှေလင်ဗန်း)၊ လူနေရပ်ကွက်အမှတ်-ဝန်ထမ်းကြီး၊ မြေကွက်အမှတ်-၂၁၆၊ ဧရိယာ (၀.၀၈၂၆ ဧက) မြေအကျယ်အဝန်း (၆၀'x၆၀')ရှိ ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်** တို့အား တရားဝင်မူလပါမစ်အမည်ပေါက်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ ဒေါ်မြင့်မြင့်ထွဏ်း [၇/မလန(နိုင်)၀၂၇၃၇၄]ထံမှ ကျွန်ုပ်၏အမှုသည် ဦးဇော်မင်း [၁၂/အလန(နိုင်) ၀၂၀၅၃၄]က လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို အသိသက်သေများရှေ့မှောက်တွင် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူများမရှိပါက အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဖြိုးဝတ်ရည်သင်း
အထက်တန်းရှေ့နေ(စဉ်-၅၀၄၃၈)
အမှတ်(၆၅၀)၊ ကဝိပုညလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၈၅၀၂၃၇၊ ၀၉-၉၇၅၅၇၅၂၈၅

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်(၆)လထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၂၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်(၆)လထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၃၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၂၅ ဆူ | ၃၉၅ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၈ တိုင် | ၆၂ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၅ ကျင်း | ၂၀၈၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၇ ကျင်း | ၂၀၁. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၀ ကျင်း | ၁၆၁၅. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# (၁) နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

## ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူကျော်ဝင်း(ငြိမ်း)

### (၁၅-၇-၂၀၂၁ မှ ၁၅-၇-၂၀၂၂)

ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ (၁၅-၇-၂၀၂၂)ရက်တွင် တစ်နှစ်ပြည့်ပြီဖြစ်သော်လည်း ယနေ့ထိတိုင် နေ့စဉ်လွမ်းဆွတ်သတိရလျက် သက်ရှိထင်ရှားရှိနေတယ်လို့ထင်ယောင်နေဆဲပါ။ လစဉ်(၁၅)ရက်နေ့တိုင်း ဖခင်ကြီးအားရည်စူးပြီး ကုသိုလ်ကောင်းမှုများကို ပြုလုပ်ပေးနေပါတယ်။ ယနေ့(၁၅-၇-၂၀၂၂)ရက်တွင် ဖခင်ကြီးကွယ်လွန်ခြင်း တစ်နှစ်ပြည့်အားရည်စူး၍ ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ရှိ စာသင်သားသံဃာအပါး(၂၀၀)တို့အား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ သင်္ကန်း၊ ထီး၊ ယပ်၊ နေကထိုင်၊ မျက်နှာသုတ်ပဝါစသော သံဃာတော်သုံးပစ္စည်းများ၊ စာရေးကိရိယာများ၊ ဆေးဝါးများနှင့် တစ်ခါသုံးနှာခေါင်းစည်းများ လှူဒါန်းခြင်းတို့ကို ပြုလုပ်အမျှပေးဝေခဲ့ပါတယ်။ သမီးငယ်မိသားစုမှလည်း ကျေးဇူးရှင်ဖခင်ကြီးနှင့် မိခင်ကြီးအားရည်စူး၍ နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ကျောက်စာရုံစေတီ (စေတီအမှတ်-၄၅၄) တစ်ဆူအား လှူဒါန်းကုသိုလ်ပြုလုပ်ပေးခဲ့ပါတယ်။ ယခုဘဝတစ်လျှောက်လုံးမှာ ဒါနအားကောင်းခဲ့တဲ့ဖခင်ကြီး မြင့်မြတ်တဲ့ဘုံဘဝမှ ကုသိုလ်ကောင်းမှုအစုစုအတွက် သာဓုခေါ်ဆိုနိုင်ပါစေ။

**အဖေ့ကိုချစ်သောသားသမီးများနှင့်**
**ဘိုးဘိုးကြီးကိုချစ်သောမြေးများ**

---

### ဒေါ်ယဉ်
**တိုင်းချစ် ပျဉ်းမနား**
**အသက် (၁၀၁)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ် (၆၁)နေ [ဦးခင်မောင်ဦး (တိုင်းချစ်-ပျဉ်းမနား)]၏ဇနီး၊ ဦးတင့်အောင်-ဒေါ်လှကြည်၊ ဦးစိန်ဝင်း-ဒေါ်မြင့်မြင့်ဝင်း၊ ဦးစိုးဝင်း-ဒေါ်မြင့်မြင့်သန်း၊ ဦးခင်ဇော်(ခေတ္တ-တိုကျိုဂျပန်)၊ (ဦးမျိုးမြင့်)-ဒေါ်မေမြတ်ဦး၊ (ဦးအောင်ဝင်း)-ဒေါ်ညွန့်ရီမွှေး၊ ဦးရွှေဘ-ဒေါ်တင်တင်ဝင်း၊ ဦးမြင့်စိန်-ဒေါ်မေအေး၊ ဦးကျော်စိန်ဝင်းတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၁ ယောက်၊ မြစ် ရှစ်ယောက်တို့၏အဘွား ဒေါ်ယဉ်သည် ၁၄-၇-၂၀၂၂ ရက် နံနက် ၂ နာရီတွင် လူကြီးရောဂါဖြင့် GRAND HANTHA ဆေးရုံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၆-၇-၂၀၂၂ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးစန်းလွင်
**အ.ထ.ပြ (ငြိမ်း) ဆင်ဖြူကျွန်း**
**အသက်(၈၁)နှစ်**

မကွေးတိုင်းဒေသကြီး၊ ဆင်ဖြူကျွန်းမြို့၊ ပရိက္ခရာရပ်နေ (ဦးထွမ်-ဒေါ်ဟုန်)တို့၏သား၊ စလင်းမြို့နေ (ဦးလှကို-ဒေါ်အေးကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ အမှတ်(၁၁/၁၂)၊ ဘလောက် (၄၁)နေ ဒေါ်ခင်အေးကြူ၏ခင်ပွန်း၊ ကိုကျော်ကျော်လွင်-OFELIA LLAGAS LWIN၊ ကိုချမ်းငြိမ်းလွင်-မအေးအေးအောင်၊ ကိုတေဇာလွင်-မခင်သီတာဦး၊ ကိုရဲမင်းလွင်တို့၏ဖခင်၊ မြေး ရှစ်ယောက်တို့၏အဘိုး ဦးစန်းလွင်သည် ၁၄-၇-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၆:၁၀ နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၇-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် သံဝေဂစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးရှိန်းဝ (မအူပင်)
**အသက် (၈၅) နှစ်**

မအူပင်မြို့နေ (ဦးချစ်-ဒေါ်တင်)တို့၏သား၊ (ဦးထွန်းရင်-ဒေါ်ရွှေမြ)တို့၏သားသမက်၊ အမှတ်(၁၃)၊ ခိုင်နှင်းဆီလမ်း၊ (၂)ရပ်ကွက်နေ (ဒေါ်ညွန့်ကြည်)၏ခင်ပွန်း၊ ဦးဝင်းတင့်-ဒေါ်စန်းရီ၊ ဦးစိုးညိမ်း-ဒေါ်မြင့်မြင့်လှိုင်၊ ဦးစိုးနိုင်-ဒေါ်တင်မိုးစမ်း၊ ဦးမိုးနိုင်-ဒေါ်သက်သက်မိုး၊ ဒေါ်ဝါဝါခိုင်တို့၏ဖခင်၊ မြေး ကိုးယောက်၊ မြစ် လေးယောက်တို့၏အဘိုးသည် ၁၄-၇-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၅:၁၀ နာရီတွင် အထက်ပါနေအိမ်၌ ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၁၆-၇-၂၀၂၂ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် မအူပင်မြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၇-၂၀၂၂ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)

### ဦးစန်းလွင်
**အ.ထ.ပြ (ငြိမ်း) ဆင်ဖြူကျွန်း**
**ဂုဏ်ထူးဆောင်နာယကကြီး၊ သက်ကြီးကန်တော့ခံပုဂ္ဂိုလ်**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာ၊ အမှတ်(၁၁/၁၂) ဘလောက်(၄၁)နေ ဒေါ်ခင်အေးကြူ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုကျော်ကျော်လွင်-OFELIA LLAGAS LWIN၊ ကိုချမ်းငြိမ်းလွင်-မအေးအေးအောင်၊ ကိုတေဇာလွင်-မခင်သီတာဦး၊ ကိုရဲမင်းလွင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ရှစ်ယောက်တို့၏အဘိုး ဦးစန်းလွင်သည် ၁၄-၇-၂၀၂၂ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များသိစေရန် အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့
ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)

---

### ဝမ်းနည်းကြေကွဲခြင်း

မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဒေါ်အေးအေးခိုင်(ပ/၃၅၀၅)၏ ခင်ပွန်းဖြစ်သူ ဦးတင်မောင်စိုး (ခ)ဦးဇော်မိုး အသက်(၅၈)နှစ် (ချမ်းမြသာစည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)သည် ၁၂-၇-၂၀၂၂ ရက်နေ့၊ ၁၆:၁၅ နာရီအချိန်တွင် ၈၆ ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်**
**အရာထမ်းအမှုထမ်းများ**
**မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

### ဒုတိယဗိုလ်မှူးကြီး စိုးမင်းသူ(ငြိမ်း)
**ကြည်း-၂၄၂၇၊ တေဇ(၁၇)**
**ညွှန်ကြားရေးမှူး(ပြည်နယ်မှူး-စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်)**
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့နေ (ဦးစိုးညွန့်-ဒေါ်ခင်ငွေးအုံ)တို့၏သား၊ အမှတ်(၆၁၇-B)၊ မာလာလမ်းသွယ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးတင်မောင်ဝင်း-(ဒေါ်ဖွားသန်း)တို့၏ သားသမက်၊ ဒေါက်တာနီလာတင်မောင်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မဆုရတီစိုး၊ မောင်အောင်ကောင်းဆက်တို့၏ဖခင်သည် ၁၄-၇-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၇:၂၄ နာရီတွင် Grand Hantha ဆေးရုံ၌ (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၂၂ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဒုတိယဗိုလ်မှူးကြီး စိုးမင်းသူ (ငြိမ်း)**
**ကြည်း-၂၄၂၇၊ တေဇ(၁၇)**
**(ညွှန်ကြားရေးမှူး) (ပြည်နယ်မှူးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်)**
**အသက် (၅၄)နှစ်**

အမှတ် (၆၁၇-B)၊ မာလာလမ်းသွယ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါက်တာနီလာတင်မောင်ဝင်း၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးစိုးမင်းသူ(ငြိမ်း)သည် ၁၄-၇-၂၀၂၂ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ (၁၇) သူငယ်ချင်းများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဗိုလ်ကြီး မောင်ထွန်း(ငြိမ်း) ကြည်း-၂၀၄၃၅**
**အသက် (၆၂) နှစ်**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဆီဆိုင်မြို့၊ မြကန်သာရပ်ကွက်၊ အမှတ်(၄) နေဒေါ်ဝင်းရီ၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီး မောင်ထွန်း (ငြိမ်း)သည် ၁၃-၇-၂၀၂၂ ရက်နေ့ နံနက် ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

**OTS (74) ကျောင်းဆင်းအရာရှိများနှင့် ဇနီးများ**

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးတင်ကိုလတ်
**(Mitsubishi Company)**
**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းကွက်သစ်(၃)လမ်း၊ အမှတ်(၃၀)နေ (ဦးဘိုးကြည်-ဒေါ်တင်ငွေ)တို့၏သား၊ ဦးမောင်မောင်မြင့်- ဒေါ်ဝင်းမြင့်ခိုင်(အ.ထ.က-၂၊ တာမွေ-ငြိမ်း)၊ (ဦးတင့်လွင်-ဒေါ်အေးအေးမော်)၊ ဦးချစ်ကိုကို-ဒေါ်နီလာ၊ ဦးသန့်ဇင်-ဒေါ်စန်းစန်းဦး၊ ဦးစိုးထွန်း-ဒေါ်ဆန်းသိင်္ဂီ၊ (ဦးဆန်းဝင်း)၊ ဦးအောင်ကျော်မိုး-ဒေါ်သန္တာတို့၏ ချစ်လှစွာသောညီ/မောင်၊ မောင်ညိမ်းချမ်းမောင်မောင်၊ မောင်သက်ညီလင်းခိုင်၊ မောင်ဖြိုးဝေဟိန်း၊ မမြတ်သိမ့်သိမ့်ထက်၊ မသရဖီသန့်၊ မနွေးဒါလီသန့်၊ မစောယုနန္ဒီ၊ မအိမွန်ကျော်၊ မနှင်းဥရွှေရည်၊ မယွန်းဆင့်နေခြည်တို့၏ ချစ်လှစွာသောဦးလေး၊ မောင်စစ်ဝေယံမင်း၏ ချစ်လှစွာသောဖခင်သည် ၁၄-၇-၂၀၂၂ ရက် နံနက် ၁:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၆-၇-၂၀၂၂ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု


---

### “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်”

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဋ္ဌ-၃၆)၊ မြေကွက်အမှတ်(၆၅၉)၊ အကျယ်အဝန်း (၆၀ပေ x ၆၀ပေ)၊ မြေအမျိုးအစား-ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁)ရပ်ကွက်၊ ရွှေဗဟိုရ်ပတ်လမ်း၊ အမှတ်(၆၅၉)ဟုခေါ်တွင်သော အရပ်ရပ်အကျိုးခံစားခွင့်များအားလုံးကို ဦးထွန်းတင်မှ အမည်ပေါက်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ အမည်ပေါက်ဦးထွန်းတင်သည် (၁၄-၃-၁၉၉၄)တွင်လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်စိန်သည် (၂၂-၄-၁၉၈၀)တွင် လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပြီး အဆိုပါမြေကွက်အား ၎င်းတို့၏ သား၊ သမီးများဖြစ်ကြသော ဒေါ်တင်မြင့်အေး [၁၂/သဃက(နိုင်) ဝ၃၄၄၈၇] ပါ(၄)ဦးတို့မှ အမွေဆက်ခံပိုင်ဆိုင်ကြပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမွေစားအမွေခံ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ဂရန်အမည်ပေါက်လျှောက်ထား၍ရမည်ဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရင်မွန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပါးပါးနီ (LL.B., D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၄၇)**
**တိုက်(၉/၁၁)၊ အခန်း(၂၀၂-အေ)၊ ဒုတိယထပ်၊ ၃၆-လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၅၇၇၈၀၉၄**

---



**အပြင်ထွက်တိုင်း**
**ပါးစပ်နှင့် နှာခေါင်းစည်း(mask)ကို**
**စနစ်တကျ မပျက်မကွက်**
**တပ်ဆင်ပါ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

- ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေး ရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။
- အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၁၄**

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။ ကြေညာချက် အပြည့်အစုံမှာ -

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ☆

## အာဆီယံ အမျိုးသမီးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲအဖြစ် မြန်မာအသင်းနှင့် ထိုင်းအသင်း ယနေ့ ကစားမည်

**ရန်ကုန် ဇူလိုင် ၁၄**

၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၁၅ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် နာမည်ကြီးထိုင်းအသင်းနှင့် ကစားရမည်ဖြစ်သည်။

**ယှဉ်ပြိုင်ကစားမည်**

ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ထိုင်းအသင်းနှင့် မြန်မာအသင်း၊ ညနေ ၆ နာရီခွဲတွင် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းနှင့် အိမ်ရှင်ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအပြီးတွင် ဒုတိယနေရာသာရခဲ့သဖြင့် တစ်ဖက်အုပ်စုတွင် ပထမနေရာရလာသည့် ထိုင်းအသင်းနှင့် ကစားရခြင်းဖြစ်သည်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ✳



မြန်မာအမျိုးသမီး ဘောလုံးအသင်း ကစားသမားများကို တွေ့ရစဉ်။

## (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်မည့် အားကစားနည်းများ အတည်ပြု

**ရန်ကုန် ဇူလိုင် ၁၄**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၂၃ ခုနှစ် (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်မည့် အားကစားနည်းများ အတည်ပြုလိုက်ပြီဖြစ်သည်။

ဆီးဂိမ်းအဖွဲ့ချုပ်အစည်းအဝေးကို ဇူလိုင် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ပြုလုပ်ရာ အရှေ့တောင်အာရှနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ၂၀၂၃ ခုနှစ် မေ ၅ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အားကစားနည်း ၄၀ ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ယင်းအားကစားနည်းများတွင် ၃၉ မျိုးကိုသာ ဆုတံဆိပ်ချီးမြှင့်မည်ဖြစ်ပြီး Teqball အားကစားနည်းကို သရုပ်ပြပြိုင်ပွဲအဖြစ်သာ

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❖

**ယနေ့** ဖတ်စရာ

**ဓာတ်ခွဲနမူနာ စုစုပေါင်း ၅၂၀၇ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦးတွေ့ရှိ**

စာမျက်နှာ - ၁၂

**ကျိုင်းတုံမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၃၇ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၁၅၉ ကီလိုနှင့် ဘိန်းဖြူခုနစ်ကီလို သိမ်းဆည်းရမိ**

စာမျက်နှာ - ၁၄

**ထပ်ဆင့်အကယ်ဒမီ စန္ဒရားဦးတင်ဝင်းလှိုင် ကွယ်လွန်**

စာမျက်နှာ - ၁၅